# မြန်မာ့အလင်း

၁၂၇၈ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၃)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့်





မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ ၂၀၀၆ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲတွင် အားကစားအဖွဲ့များ၏ သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)



မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ **Mr.San Guan Kosanvinta**နှင့် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ **MAJ. Baharuddin Jamil**တို့ ၂၀၀၆ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

**ရန်ကုန် နိုဝင်ဘာ ၁**

ပြည်ထောင်စုမြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ၂၀၀၆ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ (3rd ASIAN ARCHERY GRAND PRIX 2006) နှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ( 2nd SOUTH EAST ASIA ARCHERY CHAMPIONSHIP ) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံ မြားပစ်ပြိုင်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကျော်နှင့် ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. San Guan Kosanvinta၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ MAJ. Baharuddin Jamil၊ အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ)၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင့်ဆန်း (A.C.E) နှင့်အမှုဆောင်များ၊ နိုင်ငံတကာဆိုင်ရာဒိုင်လူကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်သံတမန်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

# စားသုံးဆီဖူလုံရေး ဆီအုန်းတိုးချဲ့စိုက်ပျိုးပေး

မြန်မာနိုင်ငံတွင် လူတစ်ဦးလျှင် တစ်နှစ်ဆီစားသုံးမှုသည် ခြောက်ပိဿာခန့်ရှိရာ နိုင်ငံလူဦးရေအတွက် စားသုံးဆီပိဿာ ၃၂၄ သန်းခန့် လိုအပ်လျက်ရှိသည်။ တနင်္သာရီတိုင်းသည် ရေ၊ မြေသဘာဝအရ ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းသော ဒေသဖြစ်ရာ နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားကြခြင်းဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံလာမည်ဖြစ်သည်။

နိုင်ငံတော်၏ ဖြည့်ဆည်းပေးမှုများကြောင့် ဘုတ်ပြင်း-ကော့သောင်းကားလမ်းအပိုင်း၊ ဘုတ်ပြင်း-တနင်္သာရီ ကားလမ်းအပိုင်းတို့သည် ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ကြပြီ ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကော့သောင်း-ဘုတ်ပြင်း-တနင်္သာရီ-မြိတ်ကားလမ်း ဘေးဝဲယာတွင် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူများက ဆီအုန်းကိုကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလုပ်ကိုင်လျက် ရှိသည်။

နိုင်ငံတော်က ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် တနင်္သာရီတိုင်းအတွင်း ဆီအုန်းဧကငါးသိန်းအထိ စိုက်ပျိုးရန်စီမံကိန်းချမှတ်ထားရာ တိုင်းရင်းသားလုပ်ငန်းရှင်များက ထားဝယ်၊ မြိတ်၊ ကော့သောင်းခရိုင်များတွင် ဆီအုန်းများ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ယခုအခါ ဆီအုန်းဧက တစ်သိန်းငါးသောင်းကျော် စိုက်ပျိုးပြီးစီးနေပြီ ဖြစ်သည်။

မြေတစ်ဧကတွင် ဆီအုန်းပင် ၆၀ ခန့်ကို စိုက်ပျိုးနိုင်ပြီး အပင်သက်လေးနှစ်သားမှစ၍ ဆီအုန်းသီးများ ထုတ်ယူနိုင်သည်။ စနစ်တကျ ပြုစုပျိုးထောင်စိုက်ပျိုးပါက ဆီအုန်းတစ်ဧကတွင် ဆီတန်ချိန် သုံးတန်မှခြောက်တန်အထိ ထွက်ရှိနိုင်ပြီး အပင်သက်တမ်း အနှစ် ၃၀ အထိ ထုတ်လုပ်သုံးစွဲနိုင်ကြောင်း သိရသည်။

တနင်္သာရီတိုင်းတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုနှစ်စိုက်ပျိုးရာသီ၌ မိုးစပါးဧကငါးသိန်း၊ နွေစပါးဧက ငါးသောင်းနှင့် ရော်ဘာဧက နှစ်သိန်း၊ ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်း၊ ငရုတ်ကောင်းဧက သုံးသောင်းကျော် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသည့်အလျောက် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများက တနင်္သာရီတိုင်းအတွင်း ဒေသဝမ်းစာဖူလုံရေး၊ စပါးနှင့် အခြားသီးနှံများ လျာထားချက်ပြည့်မီရေး၊ ဆီအုန်းစိုက်ဧကငါးသိန်းအပြည့်အဝရရှိရေး နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားခြင်းဖြင့် စားသုံးဆီ ဖူလုံပိုလျှံလာမည့်အပြင် နိုင်ငံ့စီးပွားရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဗီယက်နမ်ငရုတ်ကောင်း ပြည်ပတင်ပို့မှုမြင့်တက်

ဟနွိုင်း နိုဝင်ဘာ ၁

**ကမ္ဘာပေါ်တွင် ငရုတ်ကောင်းအများဆုံး တင်ပို့ရောင်းချသော ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမ ၁၀လတာကာလအတွင်း ငရုတ်ကောင်းတန်ချိန် ၁၁၂၀၀၀ ပြည်ပသို့တင်ပို့နိုင်ခဲ့ရာ အမေရိကန် ဒေါ်လာ ၁၇၉ သန်းရရှိမည်ဟု ခန့်မှန်း ထားသဖြင့် နှစ်ချင်းအလိုက်တိုးတက်မှုမှာ ၁၉ဒသမ ၃ ရာခိုင်နှုန်းနှင့် ၃၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။**

ထိုသို့ ငရုတ်ကောင်းမှ ဝင်ငွေတိုးတက်ရရှိမှုမှာ ကမ္ဘာ့ငရုတ်ကောင်းဈေးမြင့်မားလာမှုနှင့် ထုတ်လုပ်မှုတိုးတက်လာခြင်း ဖြစ်ကြောင်း ဗီယက်နမ်ငရုတ်ကောင်းအဖွဲ့မှ အောက်တိုဘာ ၃၀ ရက်က ပြောကြားသည်။

### တင်ပို့ရောင်းချ

ဗီယက်နမ်နိုင်ငံမှ ပြည်ပတင်ပို့သော ငရုတ်ကောင်းများ၏ အရည်အသွေးမှာ မကြာမီနှစ်များကစ၍ အရည်အသွေးမြင့်မားလာခဲ့သည်။ ထိုသို့ အရည်အသွေးမြင့် ငရုတ်ကောင်းများကို ဥရောပသမဂ္ဂ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံဈေးကွက်များသို့ တင်ပို့ရောင်းချခဲ့သည်။

### မျှော်မှန်း

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်က ငရုတ်ကောင်းတင်ပို့မှုအနေဖြင့် ရုရှား၊ စင်ကာပူ၊ အမေရိကန်၊ ဥရောပသမဂ္ဂ အပါအဝင် အခြားဈေးကွက်များသို့ တင်ပို့ခဲ့ရာ ငရုတ်ကောင်းတန်ချိန် ၁၁၀၀၀၀ တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၂ သန်းရရှိခဲ့သည်။ ယခု ၂၀၀၆ ခုနှစ်တွင် ငရုတ်ကောင်း ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ရရှိရန် မျှော်မှန်းထားသည်။

### ထွက်ရှိ

ဗီယက်နမ်နိုင်ငံတွင် ယခုအခါ ငရုတ်ကောင်းစိုက်ဧရိယာ ဟက်တာ ၅၂၅၀၀ ရှိနေပြီး တစ်ဟက်တာလျှင် ငရုတ်ကောင်း ၂ဒသမ ၃ တန်ထွက်ရှိကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဘာဆာရာမြို့ အနီး၌ သေနတ်သမားတို့ ချုံခိုတိုက်ခိုက်

ဘာဆာရာ နိုဝင်ဘာ ၁

အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆာရာမြို့၌ သေနတ်သမားများက ရဲသင်တန်းကျောင်းမှ စကားပြန်များ၊နည်းပြများနှင့် သန့်ရှင်းရေးလုပ်သားများစီးနင်းလိုက်ပါလာသည့် မီနီဘတ်စ်ကားတစ်စီးကို အောက်တိုဘာ ၂၉ ရက်က ချုံခိုတိုက်ခိုက်ရာ ၁၇ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

### လိုက်ပါ

အဆိုပါ မီနီဘတ်စ်ပေါ်တွင် ဘာဆာရာမြို့နှင့် ရှစ်မိုင်အကွာမြို့တစ်မြို့ရှိ ဗြိတိသျှတပ်ဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ရဲသင်တန်းကျောင်းမှ ဝန်ထမ်းများ လိုက်ပါလာကြခြင်း ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ကင်ဆာဗီဇလက္ခဏာ အမှတ်အသားများ ကျွမ်းကျင်သူတို့ စူးစမ်းတွေ့ရှိ

လန်ဒန် နိုဝင်ဘာ ၁

**ရင်သားကင်ဆာနှင့် အူမကြီးကင်ဆာတို့၏ ဗီဇလက္ခဏာအမှတ်အသားကို အမေရိကန်သိပ္ပံပညာရှင်များက ဖော်ထုတ်လိုက်ခြင်းဖြင့် ကင်ဆာကုသရေး မျှော်လင့်ချက်သစ်များကို ပေးလိုက်နိုင်သည်ဟု ဆိုသည်။**

အများအားဖြင့် ယခင်က မသိခဲ့ရသေးသည့် သန္ဓေပြောင်းဗီဇ ၂၀၀ ခန့်တို့က အကျိတ်များကိုဖြစ်ပေါ် ကြီးထွားပျံ့နှံ့အောင်အထောက်အကူပြုကြောင်း ဇီဝမြေပုံက ဖော်ပြသည်။

### ဖော်ပြထား

ယင်းသို့ရှာဖွေတွေ့ရှိခြင်းကြောင့် ကင်ဆာကိုစောစောပိုင်း ကုသနိုင်သောအဆင့်များတွင် မည်သို့ရောဂါ ရှာဖွေစစ်ဆေးပြီး လူပုဂ္ဂိုလ်အလိုက် ကုသရမည့် နည်းလမ်းကောင်းများကို ရရှိစေနိုင်ကြောင်း သိပ္ပံမဂ္ဂဇင်း၌ ဖော်ပြထားသည်။

### ရှုပ်ထွေး

ထိုတွေ့ရှိချက်များကြောင့် ကျွမ်းကျင်သူများ ယူဆထားသည်ထက် ကင်ဆာရောဂါမှာ ပိုမိုရှုပ်ထွေးကြောင်း သိရသည်ဆို၏ ။ **(အင်တာနက်)**

## မြဝတီရုပ်မြင်သံကြား

၂-၁၁-၂၀၀၆

(ကြာသပတေးနေ့)

### နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

### ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"**(အပိုင်း-၁၃)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း-၅)

## မြန်မာ့ရုပ်မြင်သံကြား

၂-၁၁-၂၀၀၆ (ကြာသပတေးနေ့)

### နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၅ ၆။ အကပဒေသာ
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ Let's Go

### ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(အင်္ဂလိပ်စာအထူးပြု) [အင်္ဂလိပ်စာ]
- ၁၇:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၁၅ ၆။ **"အနှစ္စ ရာယ်ကင်းစေ ဘေးရှင်းစေ"** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ-သက်တင်)
- ၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
- ၁၇:၄၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ သီရိဂေဟာ
- ၁၉:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်နတ်သမီး"** (အပိုင်း-၁၄)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ပထမချစ်ပုံပြင်"** (အပိုင်း-၁၃)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁၁-၂၀၀၆

(ကြာသပတေးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ MRTV-4 စာအုပ်စင်ကဏ္ဍ (ဇင်ယော်နီနှင့်တွေ့ဆုံခြင်း)
- ၇:၄၅ တေးဂီတအစီအစဉ်
- ၇:၅၀ အမျိုးသားရိုးရာ တိုင်းရင်းဆေးနည်းပညာ
- ၈:၀၅ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၈:၁၅ တေးဂီတအစီအစဉ်
- ၈:၂၀ **လေ့ကားသုံးထစ်ဆင်းတဲ့အခါ** အရိုင်း၊ မင်းသူ၊ အေးသီတာ (ဒါရိုက်တာ-သိန်းဟန်-ဖိုးနစ်)
- ၈:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၄၅ သီးနှံစိုက်ပျိုးအထွက်တိုး "ခြံစည်းရိုးကြက်ဆူပင်"
- ၈:၅၅ တေးဂီတအစီအစဉ်
- ၉:၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၀၅ Celebrity Style(ဖြိုးငွေစိုး)
- ၉:၃၅ တေးဂီတအစီအစဉ်
- ၉:၄၀ မိုးလေဝသခန့်မှန်းချက်
- ၉:၄၅ ရွှေကျင်မြို့မှ ရောက်သီးထွက်ကုန်လုပ်ငန်း
- ၉:၅၀ ဂီတသံစဉ်အလှဆင် (ဟေမာနေဝင်း)
- ၁၀:၀၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅ လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်
- ၁၀:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ Music Talk(စန္ဒရားကွန်းဇော်)
- ၁၁:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ ဂီတရေစီးကြောင်းထဲကဂီတာ
- ၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**



■ ရှေ့ဖုံးမှ

ရှေးဦးစွာ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် အိမ်ရှင် မြန်မာနိုင်ငံတို့မှ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများက ကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား အသီးသီး ပြောကြားကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှူးပြု၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီး



**ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. San Guan Kosanvinta ၂၀၀၆ ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှ ပတ်လည် မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲဖွင့်ပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**
(သတင်းစဉ်)

ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဒုတိယဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. San Guan Kosanvinta နှင့် အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ MAJ. Baharuddin Jamil တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး ပြိုင်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

## အထိမ်းအမှတ်လက်ဆောင်ပေး

ထို့နောက် အာရှ မြားပစ်အဖွဲ့ချုပ် ကောင်စီဝင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ)က မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ပြိုင်ပွဲ ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြပြီး ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ မြန်မာ့သိုင်း အားကစားဖြင့်လည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံမှ တင်ပုတ် (Indian Club)ဖြင့် လည်းကောင်း၊



**အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ MAJ. Baharuddin Jamil ၂၀၀၆ ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ ဖွင့်ပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**
(သတင်းစဉ်)

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ ဝူရှူး အားကစားဖြင့် လည်းကောင်း သရုပ်ပြကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## စည်ကားသိုက်မြိုက်စွာကျင်းပ

အဆိုပါပြိုင်ပွဲသို့ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့မှ မြားပစ်အသင်းများ၏ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားစုစုပေါင်း ၁၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံ မြားပစ်ပြိုင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။
**(သတင်းစဉ်)**

**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

# အသွင်သစ်ဖြင့် ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၂)ထွက်ပြီ

**ရန်ကုန် နိုဝင်ဘာ ၁**

အသွင်သစ်ဖြင့် ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၂)ကိုဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)** အဆိုပါဂျာနယ်တွင် ချစ်စံဝင်း၊ ဒေါက်တာခင်မောင်ညို၊ မော်ကျွန်းစိုးမြင့်၊ သောင်းဝင်းဗိုလ်၊ ခင်အောင်စိုး၊ သတင်းထောက် ခင်မောင်ညွန့်၊ စိုးသီဟစိုး၊ မောင်မြား၊ ငွေလရောင်၊ ကျော်ငွေးနှင့် စိုးဝင်း(ချောက်)တို့၏ ဆောင်းပါးများအပြင် ဘီဘီစီနှင့် အခြားမီဒီယာများ၏ မေးမြန်းချက်ကို ဖြေကြား၊ ကြက်ဆင်သားကို ဟိုတယ်များတွင် စားသုံးသူများလာ၊ အာဆီယံခရီးသွားပြပွဲတွင် မြန်မာ့ရွှေချည်ထိုးနှင့် အကစိတ်ဝင်စား၊ ဖာရိဘုရင် ဂူဗိမာန်ပေါ်မှ ရှားပါးငှက်၊ တရုတ်နိုင်ငံ ရေနံစိမ်းတင်သွင်းမှု အမြင့်ဆုံးစံချိန်ရောက်၊ အီရတ်မှာ ဗြိတိသျှတပ်တွေ ရုပ်သိမ်းတော့မည် စသည့် သတင်းများ၊ ဓာတ်ပုံများကို ဝေဝေဆာဆာ ဖော်ပြပါရှိသည်။



ရွှေနိုင်ငံဂျာနယ်၌ ရွှေနိုင်ငံကို ထင်ဟပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဥယျာဉ်ခြံ၊ သစ်တောကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုလုပ်ငန်း၊ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ကုန်သွယ်ရေး၊ ဟိုတယ်နှင့်ခရီးသွား၊ လမ်းဖောက်၊ တံတားဆောက်၊ ဆောက်လုပ်ရေး၊ ယဉ်ကျေးမှု၊ ရှေးဟောင်းသုတေသန၊ လူမှုရေး၊ ကျေးလက်ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အိုင်စီတီလုပ်ငန်း၊ ကယ်ဆယ်ကူညီမှုလုပ်ငန်း၊ စံပြနမူနာပြ ကြိုးစားအောင်မြင်မှု၊ အသစ်အဆန်းဖန်တီးပြုလုပ်မှု စသည့်သတင်း၊ သတင်းဓာတ်ပုံနှင့် သတင်းဆောင်းပါးများကို ဖော်ပြသွားမည်ဖြစ်၍ ဝါရင့်စာနယ်ဇင်း ဆရာကြီးများနှင့် သတင်းစာပညာ သင်တန်းဆင်းလူငယ်များထံမှ မိမိတို့မြို့နယ်အလိုက် ရေးသားပေးပို့ပါရန် ဖိတ်ခေါ်ပါကြောင်းနှင့် စာမူခများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ပြီး စာမူပေးပို့ရန် လိပ်စာမှာ ရွှေနိုင်ငံဂျာနယ် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။
**(သတင်းစဉ်)**





❐ ကျောဖုံးမှ

ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာကြားကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မိုးထိတိုက် ဆရာတော်အား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းမှူးနှင့် ဇနီးတို့က ကထိန်ခံ ကျောင်းများမှ သံဃာတော်များကိုယ်စား မန္တလေးတိုင်း သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် ဇနီးအဖွဲ့ဝင်များသည် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသထံမှ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် ပင့်သံဃာ ဆရာတော် ၂၄ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ပါမောက္ခရာမ မုံရွေးကျောင်း၌ ကျင်းပသော စုပေါင်းမဟာဘုံကထိန် အလှူမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အဆိုပါအခမ်းအနားသို့ မုံရွေးကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပါမောက္ခနှင့် မန္တလေးတိုင်း မတ္တရာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကောဝိဒ အမှူးပြုသော ဆရာတော် သံဃာတော် ၂၁ ပါး ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက မတ္တရာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြ၍ ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံရွေးဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပါမောက္ခနှင့် ဆရာတော်ကြီးများအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# အမှာစကားပြောကြား

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၆ ခုနှစ် တတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ပြင်ဦးလွင်မြို့ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် အများပြည်သူများလေ့လာရန် ဒီဇင်ဘာလ၌ ဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန် ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (National Landmarks Garden)တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိလာပြီး တာဝန်ရှိသူများ၏ ဆောင်ရွက် ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်စစ်ဆေးသည်။

## ဖွင့်လှစ်ပြသသွားမည်

အဆိုပါ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တည်ဆောက်ခဲ့ပြီး အများပြည်သူ ကြည့်ရှုလေ့လာရန်အတွက် ဒီဇင်ဘာလတွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ဆက်လက်ပြီး ဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိပြီး (၇၅)နှစ်ပြည့် စိန်ရတုအခမ်းအနားနှင့် ပန်းပွဲတော်ကျင်းပမည့် နေရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အာဏာလွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာများကို ကျင့်သုံးဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတအမည်ဖြင့် ဖော်ပြဆောင်ရွက်ရမည်



ရန်ကုန် နိုဝင်ဘာ ၁

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်နှင့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–**

**သဘာပတိကြီးခင်ဗျား–**

အထက်မှာတင်ပြခဲ့သလို နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်မှာ ဖြစ်ပျက်နေတဲ့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမယ့် အခြေအနေကို ကာကွယ်နိုင်ဖို့အတွက် ဥပဒေကဲ့သို့ အာဏာတည်တဲ့ အမိန့်ထုတ်ပြန်ပြီး အရေးပေါ် အခြေအနေ ကြေညာတဲ့နေရာမှာ နိုင်ငံအတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေဖို့၊ လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်နိုင်ဖို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက် စေသင့်ပါတယ်။ နိုင်ငံအချို့မှာလဲ ဒီလိုအရေးပေါ် အခြေအနေမျိုး ပေါ်ပေါက်လာရင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာ လွှဲအပ်ပြီး ဆောင်ရွက်လေ့ရှိတာ တွေ့ရပါတယ်။ ဒီလိုတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာလွှဲအပ် ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုတွေကို အချိန်မီ နှိမ်နင်းနိုင်မှာ ဖြစ်ပါတယ်။ ဒီလို နှိမ်နင်းနိုင်မှလဲ နိုင်ငံတော်ဟာ တည်ငြိမ်အေးချမ်းမှုရရှိပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရမယ့် ဘေးအန္တရာယ်မှ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာလွှဲပြောင်း ဆောင်ရွက်စေတဲ့နေ့ကစပြီး မူလက ယင်းအာဏာတွေကို ခွဲဝေသုံးစွဲ ဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဝင်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များရဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေဟာ အလိုအလျောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အာဏာ ကျင့်သုံးမှုနဲ့ စပ်လျဉ်းလို့ ရှုပ်ထွေးမှု မရှိစေဘဲ ပိုမိုရှင်းလင်း လွယ်ကူမှု ရှိစေဖို့အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်တဲ့နေ့ကစပြီး အထက်မှာ ဖော်ပြခဲ့တဲ့ အဆင့်ဆင့်သော အဖွဲ့အစည်းများအား တာဝန်မှ ရပ်စဲပြီး ဖြစ်တယ်ဆိုတဲ့ အချက်ကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ထည့်သွင်း ချမှတ်သင့်ပါတယ်။ ဒါပေမယ့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော် အာဏာ လွှဲအပ်ပေးတဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများကိုတော့ တာဝန်မှ ရပ်စဲခြင်းမပြုဘဲ ဆက်လက်၍ ရှိမြဲအတိုင်း ရှိနေသင့်ကြောင်း တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတဟာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်တဲ့အခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အတွက် လိုအပ်မယ့် ဥပဒေများကိုလဲ ပြဋ္ဌာန်းပိုင်ခွင့် ရှိလာမှာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်အာဏာကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သို့ လွှဲပြောင်းပေးရာမှာ တစ်နှစ်အထိသာဖြစ်ကြောင်း သတ်မှတ်ထားပါတယ်။ အဲဒီလို တစ်နှစ်အတွင်းမှာ နိုင်ငံတော်ဟာ တည်ငြိမ်အေးချမ်းသာယာပြီး ပုံမှန်အခြေအနေပြန်ရောက်လာတဲ့အခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာများကို မိမိအားလွှဲအပ်ခဲ့သည့် နိုင်ငံတော်သမ္မတအား ပြန်လည်အပ်နှံရမှာ ဖြစ်ပါတယ်။ အဲဒီလို ပြန်လည်အပ်နှံတဲ့အခါ သက်ဆိုင်ရာ လွှတ်တော်သက်တမ်း မကုန်ဆုံးသေးရင် သက်ဆိုင်ရာ လွှတ်တော်ကပဲ ဥပဒေပြုရေး လုပ်ငန်းများကို မိမိတို့ လွှတ်တော်သက်တမ်း ကုန်ဆုံးတဲ့အထိ ဆက်လက်ဆောင်ရွက်စေသင့်ပါတယ်။ လွှတ်တော်သက်တမ်း ကုန်ဆုံးရင်တော့ အဲဒီလွှတ်တော်တွေဟာ အလိုအလျောက် ပျက်ပြယ်မှာ ဖြစ်ပါတယ်။

ကျွန်တော် အထက်တွင် ရှင်းလင်းတင်ပြခဲ့တဲ့အတိုင်း နိုင်ငံတော်ရဲ့ အခြေအနေ အရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့အာဏာကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လွှဲပြောင်းပေးသည့်အခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလဲ လိုအပ်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်းသွားမှာ ဖြစ်ပါတယ်။ ထိုနည်းတူ သက်ဆိုင်ရာ လွှတ်တော်တွေကလဲ ဥပဒေများကို ပြဋ္ဌာန်းခွင့်ပြုထားမယ်ဆိုရင် ရှုပ်ထွေးမှု ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတဟာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်အာဏာကို ကျင့်သုံးရန် လွှဲအပ်ပေးထားသည့် အချိန်ကာလအတောအတွင်း လွှတ်တော် အားလုံးနဲ့ ဦးစီး အဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများကို ရပ်ဆိုင်းထားသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ် အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေရေးနဲ့ စပ်လျဉ်းပြီး–



ရှင်းလင်းပြောကြား

**အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)

**၉။ “(က) အပိုဒ် ၈ အရ အရေးပေါ် အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန်ပြန်လည် ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုနိုင်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို လွှဲအပ်ကြောင်း ကြေညာရမည်။ ယင်းသို့ ကြေညာသည့်နေ့မှစ၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ ယင်းလွှတ်တော်များ၏ သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။**

**( ခ ) ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များအား တာဝန်မှရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံမှာ ဖြစ်ပျက်နေတဲ့ အခြေအနေများအရ နယ်ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးလုပ်ငန်းများကို လုပ်ကိုင်ရန် မဖြစ်နိုင်တဲ့အတွက် အထက်အပိုဒ်၉ပါအတိုင်း နိုင်ငံတော်သမ္မတက နိုင်ငံတော် အာဏာကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လွှဲအပ်ပေးတဲ့အခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ ၎င်းထံ လွှဲအပ်ထားတဲ့ နိုင်ငံတော်အာဏာကို ကျင့်သုံးပြီး နိုင်ငံတော်အတွင်း လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးမယ့် ဘေးအန္တရာယ်က အချိန်မီ ကယ်တင်နိုင်မှာ ဖြစ်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတော်သမ္မတက ၎င်းအား လွှဲအပ်ထားတဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ သုံးရပ်ကို ကျင့်သုံးဆောင်ရွက်ရာမှာ မိမိကိုယ်တိုင် ကျင့်သုံးခွင့် ရှိသင့်သလို မိမိကိုယ်စား ကျင့်သုံးဆောင်ရွက်နိုင်စေဖို့ ၎င်းအနေနဲ့ သင့်လျော်မယ်လို့ ယူဆတဲ့ အဖွဲ့အစည်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်ဖို့လဲ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ထည့်သွင်းချမှတ်ပေးသင့်ပါတယ်။

မြန်မာနိုင်ငံရဲ့ သမိုင်းစဉ်တစ်လျှောက်ကို လေ့လာကြည့်ရင် နိုင်ငံရဲ့ လွတ်လပ်ရေး ဆုံးရှုံးတော့မယ့်အရေး၊ ပြည်ထောင်စုကြီး ပြိုကွဲတော့မယ့် အရေးကြုံလာတိုင်း တပ်မတော်ကသာ မားမားမတ်မတ် ရပ်တည်ပြီး နိုင်ငံတော်ရဲ့ အာဏာကို ရယူကျင့်သုံး ကယ်တင်ခဲ့ရပါတယ်။ ဒါကြောင့်လဲ အခြေခံရမည့်မူများ ချမှတ်စဉ်က “နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုစသော အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း၊ သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်



**အမျိုး သား ညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြား ချက်များကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူသုံးစွဲခွင့်ရှိသည်”လို့ အခြေခံမူအဖြစ် ချမှတ်ခဲ့တာဖြစ်ပါတယ်။ ဒီအခြေခံမူနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် အသေးစိတ်အခြေခံရမယ့်မူကို ဆက်လက်ချမှတ်သင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါကြောင့် နိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခြင်းနဲ့ စပ်လျဉ်းပြီး–

**၁၀။ “နိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာကို မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကိုယ်တိုင်ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်သည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို သင့်လျော်သည့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေနိုင်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်မှာ အရေးပေါ်အခြေအနေ ကြေညာလိုက်တာနဲ့ အရေးပေါ် အခြေအနေကြေညာခြင်းခံရတဲ့ အကျုံးဝင်တဲ့ နယ်မြေဒေသတွေမှာရှိတဲ့ ပြည်သူတွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ကန့်သတ်ထားသင့်ကြောင်း အထက်မှာတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အလားတူပဲနိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာရုံနဲ့ မလုံလောက်လို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေရာမှာလဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးမှုမရှိအောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်လို့ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးများကို အတိုင်းအတာတစ်ခုအထိ လိုအပ်ရင် လိုအပ်သလို ကန့်သတ်ခွင့်၊ ရပ်ဆိုင်းခွင့်ရှိရမှာ ဖြစ်ပါတယ်။ ဒါမှသာ နိုင်ငံအတွင်း ပေါ်ပေါက်လျက်ရှိတဲ့ ဆူပူသောင်းကျန်းမှုတွေကို မြန်မြန်ချုပ်ငြိမ်းစေပြီး အေးချမ်းတဲ့ အခြေအနေကို ရောက်အောင် စွမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒီအချက်ကိုလဲ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ထည့်သွင်းချမှတ်သင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါကြောင့် အရေးပေါ်အခြေအနေ ကြေညာထားစဉ် ကာလအတွင်း နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း၊ ရပ်ဆိုင်းခြင်းတို့နဲ့ စပ်လျဉ်းပြီး–

**၁၁။ “တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရေးပေါ်အခြေအနေကြေညာထားစဉ် ကာလအတွင်း လိုအပ်သည့် နယ်မြေဒေသတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှုများကို အချိန်မီနှိမ်နင်းနိုင်မှာဖြစ်

စာမျက်နှာ ၄ မှ

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံတော်သမ္မတဟာ သာမန်အရေးပေါ် အခြေအနေကြေညာပြီး ဆောင်ရွက်ရတဲ့ ကိစ္စရပ်များနဲ့ စပ်လျဉ်းလို့ မည်သို့မည်ပုံ ဆောင်ရွက်ရမယ်ဆိုတာကို အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့်ကြောင်း အထက်မှာ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်သမ္မတဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေတဲ့ ကိစ္စနဲ့စပ်လျဉ်းပြီး မည်သို့မည်ပုံ အတည်ပြုချက် ရယူသင့်တယ်၊ အတည်ပြုချက်ယူရာမှာ မည်သည့်နည်းလမ်းဖြင့် ယူသင့်တယ်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန် ဆိုရင် ဘယ်လိုလုပ်ရမယ်၊ လွှတ်တော်အစည်းအဝေးကျင်းပချိန် မဟုတ်ရင် ဘယ်လိုလုပ်ရမယ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတော်သမ္မတက မိမိကို ပေးအပ်ထားတဲ့ တာဝန်တွေကို သတ်မှတ်ချိန်အတွင်း ပြီးမြောက်အောင် မဆောင်ရွက်နိုင်ရင် ဘယ်လိုတင်ပြရမယ်၊ ဒီလိုတင်ပြလာရင် နိုင်ငံတော်သမ္မတအနေနဲ့ အချိန်ကာလ တိုးမြှင့်ပေးနိုင်ခြင်း ရှိ-မရှိ၊ တိုးမြှင့်ပေးရင် အချိန်ကာလ မည်သည့် အတိုင်းအတာအထိ တိုးမြှင့်ပေးနိုင်ခွင့် ပြု၊မပြုနဲ့ အချိန်ကာလ တိုးမြှင့်ပေးပြီးရင် တိုးမြှင့်ပေးတဲ့ကိစ္စကို ပြည်ထောင်စုလွှတ်တော်သို့ မည်သို့ အစီရင်ခံ တင်ပြစေသင့်တယ်ဆိုတဲ့ အချက်တွေကို အသေးစိတ်အခြေခံရမယ့်မူ အဖြစ် ချမှတ်ထားဖို့ လိုပါတယ်။

ဒီလိုချမှတ်ထားမှလဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာလွှဲအပ်တဲ့ ကိစ္စနဲ့စပ်လျဉ်းလို့ နိုင်ငံတော်သမ္မတရဲ့ ဆောင်ရွက်ချက်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်စေမှာဖြစ်သလို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာလဲ နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သတ်မှတ်ထားတဲ့ ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရာရောက်မှာ ဖြစ်ပါတယ်။ အကယ်၍ သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ခြင်း မပြုနိုင်တဲ့ အကြောင်းအကျိုးခိုင်လုံစွာ ရှိနေရင်လဲ အချိန်ကာလ ထပ်မံတိုးမြှင့် ဆောင်ရွက်စေရမှာ ဖြစ်ပါတယ်။ ဒီလိုအချိန်ကာလ တိုးမြှင့်သတ်မှတ်ပေးရာမှာ တစ်ကြိမ်လျှင် မည်မျှအထိ တိုးမြှင့်ပေးသင့်တယ်ဆိုတာလဲ သတ်မှတ်ထားသင့်ပါတယ်။

ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေတဲ့ကိစ္စနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပချိန်ဖြစ်ရင် ယင်းအစည်းအဝေးသို့ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပချိန် မဟုတ်ရင် ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေး ခေါ်ယူစေ၍ဖြစ်စေ တင်ပြသင့်ပါတယ်။ ဒါ့အပြင် အချိန်ကာလ ထပ်မံတိုးမြှင့်ပေးရေးကိစ္စရှိပါက ပြည်ထောင်စုလွှတ်တော်အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ တင်ပြစေသင့်ပါတယ်။ တင်ပြရာမှာ နိုင်ငံတော်သမ္မတက အရေးပေါ် အခြေအနေကြေညာတဲ့ ကိစ္စမှာလို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ယူရုံနဲ့ မလုံလောက်ပါ။ နိုင်ငံတော်အာဏာ တစ်ရပ်လုံးကို လွှဲအပ်ဆောင်ရွက်စေတဲ့ ကိစ္စဖြစ်တာကြောင့် သီးခြားအစီရင်ခံစာ တင်ပြမှသာ လျော်ကန်သင့်မြတ်မယ်လို့ ယူဆပါတယ်။

ဒါကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်စေတဲ့ကိစ္စကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊ အချိန်ကာလတိုးမြှင့် သတ်မှတ်ခြင်းတို့နဲ့ စပ်လျဉ်းပြီး-

၁၂။ **"နိုင်ငံတော်သမ္မတသည်-**

**(က) အပိုဒ် ၈နှင့်၉အရ အရေးပေါ် အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့ ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူစေ၍ ဖြစ်စေ အစီရင်ခံတင်ပြရမည်။**

**(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့် ပေးနိုင်သည်။ ယင်းသို့ တိုးမြှင့်ပေးသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေး ခေါ်ယူစေ၍ အစီရင်ခံတင်ပြရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံတော်သမ္မတဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေပြီးတဲ့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ မိမိအား ပေးအပ်ထားတဲ့ တာဝန်တွေကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးရင် အဲဒီလိုဆောင်ရွက်ပြီးကြောင်း နိုင်ငံတော်သမ္မတထံ အစီရင်ခံဖို့ လိုသလို နိုင်ငံတော်သမ္မတကလဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာ ရရှိရင် မိမိထုတ်ပြန်ခဲ့တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့တဲ့ အမိန့်ကို ပယ်ဖျက်ဖို့လဲ လိုမှာဖြစ်ပါတယ်။ ဒါပေမယ့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားတဲ့ တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာတဲ့ ကာလဟာ ပြည်ထောင်စုလွှတ်တော် သက်တမ်းမကုန်ဆုံးသေးမီ ဖြစ်နိုင်သလို ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးပြီးမှလဲ ဖြစ်နိုင်ပါတယ်။ ပြည်ထောင်စုလွှတ်တော် သက်တမ်းမကုန်ဆုံးသေးမီဖြစ်လျှင် မည်သို့ အစီရင်ခံရမည်၊ မည်သည့်နေ့ကစပြီး နိုင်ငံတော်အာဏာ လွှဲအပ်တဲ့အမိန့်ကို ပယ်ဖျက်ရမည်၊ ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးပြီးဖြစ်ပါက မည်သည့်နေ့ကစ၍ အဆိုပါ အမိန့်ကို ပယ်ဖျက်ရမည်ဆိုတဲ့ အချက်များနဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်တဲ့ အမိန့်ကို ပယ်ဖျက်ရမယ့်နေ့ကို အတိအကျ သတ်မှတ်ထားမှသာ နောင်တစ်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုမျိုး မပေါ်ပေါက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ခြင်းနဲ့ စပ်လျဉ်းပြီး-

၁၃။ **"နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့်အခါ ပြည်ထောင်စုလွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူစေ၍ အစီရင်ခံတင်ပြပြီးသည့်နေ့မှစ၍ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးပြီး ဖြစ်ပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ တင်ပြချက် လက်ခံရရှိသည့်နေ့မှစ၍ဖြစ်စေ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံရဲ့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရမယ့် အန္တရာယ်မျိုးနဲ့ ရင်ဆိုင်ရလို့ နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေခဲ့ရာမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလဲ မိမိအား ပေးအပ်ထားတဲ့ တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံ တင်ပြလာတဲ့အခါ နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ထားတဲ့အမိန့်ကို အထက်မှာ တင်ပြခဲ့တဲ့ သတ်မှတ်ချက်များအတိုင်း ပယ်ဖျက်လိုက်ပြီးနောက် နိုင်ငံတော်သမ္မတအနေနဲ့ ရှေ့ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းများကို ဆက်လက်ရှင်းလင်း တင်ပြပါ့မယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်တဲ့နေ့ကစပြီး နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများမှအပ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဝင်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များအား တာဝန်မှ ရပ်စဲထားပြီးဖြစ်သဖြင့် အာဏာပိုင်အဖွဲ့အစည်းအသစ်များကို ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

အထက်တွင် ဖော်ပြခဲ့တဲ့အတိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိအား ပေးအပ်ထားတဲ့ တာဝန်ကို ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်ပြီးစီးကြောင်း နိုင်ငံတော်သမ္မတထံ အစီရင်ခံလာတဲ့အခါ နိုင်ငံတော်သမ္မတဟာ သက်ဆိုင်ရာ လွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနဲ့ ဦးစီးအဖွဲ့များရဲ့ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ပြီး ယင်းတို့၏မူလတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်စေသင့်ပါတယ်။

အပိုဒ် ၉ အပိုဒ်ခွဲ(ခ)အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များအား တာဝန်မှ ရပ်စဲထားပြီး ဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး ယန္တရားအဆင့်ဆင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းပေးဖို့လိုမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး ယန္တရားအဆင့်ဆင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းပေးရေးနှင့် စပ်လျဉ်းပြီး-

၁၄။ **"နိုင်ငံတော်သမ္မတသည် အပိုဒ် ၁၃အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာကို ရရှိသည့်အခါ ပြည်ထောင်စုလွှတ်တော် သက်တမ်းမကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ရမည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းအသစ်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။ ယင်းအဖွဲ့အစည်းများသည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက်သာ တာဝန်ထမ်းဆောင်ရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

လွှတ်တော်များဟာ သက်ဆိုင်ရာလွှတ်တော်သက်တမ်းအတွင်းသာ တည်ရှိမှာဖြစ်ပါတယ်။ အပိုဒ် ၉(က)ပါအတိုင်း ယင်းလွှတ်တော်များ၏ သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်ပါတယ်။ အဲဒီလို လွှတ်တော်သက်တမ်း ကုန်ဆုံးသွားသော်လဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အချုပ်အခြာအာဏာ သုံးရပ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ ကိုင်တွယ်ကျင့်သုံးပေးနေမှာ ဖြစ်ပါတယ်။ အဲဒီလို ကျင့်သုံးရာမှာ ကူညီဖို့နဲ့ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ အဖွဲ့အစည်းတစ်ရပ် လိုအပ်မှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

၁၂-၁၂-၂၀၀၅ရက်နေ့တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးက အတည်ပြုချမှတ်ခဲ့သည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး-

**"ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (National Defence and Security Council) ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်-**

**၁။ နိုင်ငံတော်သမ္မတ**
**၂။ ဒုတိယသမ္မတ**
**၃။ ဒုတိယသမ္မတ**
**၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ**
**၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ**
**၆။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**၇။ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**၈။ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး**
**၉။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး**
**၁၀။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီး**
**၁၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီး"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ပေးဖို့နဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို လိုအပ်တဲ့ အကူအညီများပေးဖို့ တာဝန်ပေးအပ်သင့်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလဲ နိုင်ငံတော်အာဏာ သုံးရပ်ကို ကျင့်သုံးတဲ့နေရာမှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းဆောင်ရွက်သွားခြင်းအားဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်မှာ ဖြစ်ပါတယ်။ အဲဒီလို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှာ ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ပေးတဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ ပါဝင်သလို ပြည်သူ့လွှတ်တော်က ရွေးချယ်တင်မြှောက်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်က ရွေးချယ်တင်မြှောက်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့လဲ ပါဝင်နေတာ တွေ့ရမှာ ဖြစ်ပါတယ်။ ထို့ကြောင့် လွှတ်တော်သက်တမ်းများ ကုန်ဆုံးစေကာမူ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်သမ္မတအသစ်နဲ့ ဒုတိယသမ္မတအသစ်များ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအသစ်နဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအသစ်များကို ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက် တည်ရှိနေသင့်ပါတယ်။

ဒါကြောင့်-

၁၅။ **"နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်လည်းကောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတအသစ်တို့ကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအသစ်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအသစ်တို့ကို လည်းကောင်း ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက်တည်ရှိသည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ကျွန်တော်အထက်တွင် တင်ပြထားတဲ့ အပိုဒ် ၁၂(ခ)မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ မိမိအား ပေးအပ်ထားတဲ့ တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နိုင်ငံတော်သမ္မတက တိုးမြှင့်ပေးနိုင်ပါတယ်။ အဲဒီလို တိုးမြှင့်ပေးတဲ့ကိစ္စကို ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေး ခေါ်ယူစေ၍ အစီရင်ခံတင်ပြရမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

**အရေးပေါ်အခြေအနေကြေညာသည့်ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန်ပြန်လည် ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူ ဆောင်ရွက်မှုများပြုနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာရမည်။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာကို မိမိကိုယ်တိုင်ဖြစ်စေ မိမိကိုယ်တိုင်ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်

စာမျက်နှာ ၅ မှ

ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးသွားပြီးတဲ့နောက် နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကို တာဝန်ပေးသင့်ကြောင်း ကျွန်တော်အထက်တွင် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလိုလွှတ်တော်သက်တမ်းကုန်ဆုံးပြီးနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလကို ထပ်မံတိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ခွင့်ပြုပေးသင့်ပါတယ်။

အထက်မှာ ကျွန်တော်ရှင်းလင်းတင်ပြခဲ့သလို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် သတ်မှတ်အချိန်ကာလကို ထပ်မံတိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက်တင်ပြလာပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်လို့ အသေးစိတ်အခြေခံရမည့်မူတစ်ရပ် ချမှတ်ထားသင့်ပါတယ်။

ဒါကြောင့်–

၁၆။ **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလတိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိနှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အပိုဒ် ၈နှင့် ၉အရ ၎င်းအားပေးအပ်ထားတဲ့ တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံစာကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ တင်ပြလာတဲ့အခါ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အပိုဒ် ၉အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်သင့်ပါတယ်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အစီရင်ခံစာကို ရရှိသည့်အခါ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာဖို့ အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်ထားသင့်ပါတယ်။

ဒါကြောင့်–

၁၇။ **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်သမ္မတက အပိုဒ် ၈ နှင့် ၉အရ အရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စနှင့် စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်း တင်ပြသည့်အစီရင်ခံစာကို လက်ခံရရှိသည့်အခါ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ထားသည့်အမိန့်ကို ပယ်ဖျက်ပြီးတဲ့နောက် အဲဒီအမိန့်ကို ပယ်ဖျက်လိုက်တဲ့ နေ့ကစပြီး သတ်မှတ်တဲ့ကာလအတွင်းမှာ အထွေထွေရွေးကောက်ပွဲကျင်းပပေးရမှာ ဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်သမ္မတအသစ်ကိုပါ ရွေးချယ်တင်မြှောက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအသစ်ကို ရွေးချယ်တင်မြှောက်ခြင်း မပြုရသေးမီ ကြားကာလအတွင်းမှာ နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်ဖို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်သင့်ကြောင်း ကျွန်တော်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီလိုတာဝန်ပေးအပ်ခြင်းခံရတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်ကို ကြီးကြပ်ဦးဆောင်သွားနိုင်မှသာ ဒီကြားကာလအတွင်းမှာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ယန္တရားတွေဟာ စဉ်ဆက်မပြတ်လည်ပတ်နေမှသာ နိုင်ငံတော်ဟာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နေမှာဖြစ်ပါတယ်။ ဥပဒေပြုရေးအာဏာဟာ အချုပ်အခြာအာဏာသုံးရပ်မှာ အမြင့်ဆုံးအာဏာဖြစ်တာကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကသာ ကျင့်သုံးဆောင်ရွက်သင့်ပါတယ်။

အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများနဲ့စပ်လျဉ်းပြီး ဒီကြားကာလအတွက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဆင့်တို့တွင် သင့်လျော်တဲ့အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ သင့်လျော်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေသင့်ပါတယ်။ ဒါမှလဲ အထက်တွင် ချမှတ်ခဲ့ပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့လိုက်လျောညီထွေရှိမှာဖြစ်ပါတယ်။

ဒါကြောင့်–

၁၈။ **"အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည်–**

**(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များဖွဲ့စည်းခြင်းမပြုနိုင်သေးမီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်သည်။**

**(ခ) ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်သမ္မတအသစ်ရွေးချယ်တင်မြှောက်ပြီး ပြည်ထောင်စုအဆင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းပြီးသည့်အချိန်ထိ နိုင်ငံတော်အာဏာများကိုကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ကျင့်သုံးဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာကို ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ရမည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဆင့်များအတွက် သင့်လျော်သည့် အဖွဲ့အစည်းများဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံးဆောင်ရွက်စေနိုင်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့်ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့အာဏာများကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကကျင့်သုံးတဲ့အခါ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်ယန္တရားပုံမှန်လည်ပတ်နိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တို့ကိုဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာ အရည်အချင်းများနှင့် ညီညွတ်သော သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သင့်ပါတယ်။ ဒါပေမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွင်ပါရှိတဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရဲ့သက်တမ်းဟာ ကုန်ဆုံးနေပြီ ဖြစ်တဲ့အတွက် ယင်းတို့၏နေရာများတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေပါသတ်မှတ်ထားသော အရည်အချင်းများနှင့်ညီညွတ်သည့် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် တာဝန်ပေးအပ်သင့်ပါတယ်။

ဒါကြောင့်–

၁၉။ **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဆင့်ဆင့်သောအာဏာပိုင်အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသောသက်ဆိုင်ရာအရည်အချင်းနှင့်ညီညွတ်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဖွဲ့စည်းဖို့လိုမှာဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းနိုင်ဖို့ တစ်ခုတည်းသောနည်းလမ်းက အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရန်စီစဉ်ခြင်းပဲဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲကျင်းပဖို့အတွက် အချိန်ကာလသတ်မှတ်ရာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်တဲ့အမိန့်ကို ပယ်ဖျက်ပြီးတဲ့နေ့က စတင်သတ်မှတ်သင့်ပါတယ်။ အဲဒီလို သတ်မှတ်ရာမှာ ကာလအပိုင်းအခြား ဝေးကွာလွန်းရင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် နှောင့်နှေးမှုရှိနိုင်ပြီး အချိန်ကာလနီးကပ်လွန်းရင်လဲ ရွေးကောက်ပွဲကျင်းပရေးအတွက် ပြင်ဆင်ဖို့ အချိန်မလုံမလောက် ဖြစ်နိုင်ပါတယ်။ သင့်လျော်မယ့်အချိန်ကာလ အတိုင်းအတာတစ်ခု သတ်မှတ်ထားသင့်တဲ့အတွက် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမယ့် ကာလကို ခြောက်လ ကာလဟု သတ်မှတ်မယ်ဆိုရင် သင့်လျော်မယ်လို့ ယူဆပါတယ်။

ဒါကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ထားတဲ့ အမိန့်ကိုပယ်ဖျက်ပြီး အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရေးနဲ့ စပ်လျဉ်းပြီး–

၂၀။ **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အပိုဒ် ၁၇အရ အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာသည့်နေ့မှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့ယန္တရား ပုံမှန်လည်ပတ်စေရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဟာ အပိုဒ် ၁၉ပါ အဖွဲ့အစည်းများကို ဖွဲ့စည်းတာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။ အဲဒီအဖွဲ့အစည်းများဟာ မည်သည့်ကာလအထိ မိမိတို့တာဝန်ကို ထမ်းဆောင်ရမယ်ဆိုတာကိုလဲ တိတိကျကျ ဖော်ပြသတ်မှတ်ပေးသင့်ပါတယ်။ ထိုသို့ ဖွဲ့စည်းပေးထားတဲ့ အဖွဲ့အစည်းများဟာ ရွေးကောက်ပွဲများကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဖွဲ့စည်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်စေရန် သတ်မှတ်ပေးသင့်ပါတယ်။

ဒါကြောင့် အပိုဒ် ၁၉အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန် ဆက်လက်ဆောင်ရွက်စေရေးနှင့် စပ်လျဉ်းပြီး–

၂၁။ **"အပိုဒ် ၁၉အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် အထွေထွေရွေးကောက်ပွဲများကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို နိုင်ငံတော်သမ္မတက ဦးဆောင်ပြီး နိုင်ငံတော်ရဲ့ အာဏာများကို ယာယီကျင့်သုံးနေမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည့်အားလျော်စွာ အဲဒီလို နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ကျင့်သုံးတဲ့အခါမှာ နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးခြင်းဖြစ်ပါတယ်။

ဒါကြောင့်–

၂၂။ **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတ အမည်ဖြင့် ဖော်ပြဆောင်ရွက်ရမည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရဲ့ဒေသအချို့တွင်ဖြစ်စေ၊ နိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်စေ၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိပါးမယ့် အန္တရာယ်မျိုးကြုံတွေ့ခြင်းကြောင့် ဖြစ်စေ၊ တိုင်းတစ်ပါးမှ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်လာခြင်းကြောင့်ဖြစ်စေ၊ နိုင်ငံတော်ရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးအခြေအနေဆိုးရွားစွာ ယိုယွင်းလာခြင်းကြောင့်ဖြစ်စေ၊ အရေးပေါ်အခြေအနေမျိုး ပေါ်ပေါက်လာလို့ အရေးပေါ်အခြေအနေကြေညာပြီး အုပ်ချုပ်နေရတဲ့ ကာလအတွင်းမှာ နိုင်ငံတော်သမ္မတဟာ သင့်လျော်မယ့်အာဏာပိုင် အဖွဲ့အစည်းဝင်တွေ၊ နယ်ဘက်ဝန်ထမ်းတွေကို မိမိတို့ရဲ့ကိုယ်စား အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး လုပ်ငန်းတွေကို လွှဲအပ်ဆောင်ရွက်စေရပါတယ်။ အလားတူပဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ရဲ့ အာဏာများကို ယာယီကျင့်သုံးနေစဉ် ကာလမှာလဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်ပေးတဲ့ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းဝင်တွေ၊ နယ်ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဝင်တွေနဲ့ နယ်ဘက်ဆိုင်ရာ ဝန်ထမ်းတွေဟာ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးလုပ်ငန်းများကို လုပ်ဆောင်ကြရပါတယ်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကလဲ နိုင်ငံတော်အာဏာများကို ယာယီကျင့်သုံးနေစဉ်ကာလအတွင်း အပိုဒ် ၁၈ ပါ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများကိုဖွဲ့စည်းပြီး စစ်ဘက်ဆိုင်ရာအဖွဲ့အစည်း အပါအဝင် အဖွဲ့အစည်းများနဲ့ စစ်ဘက်နှင့်နယ်ဘက်ဆိုင်ရာ ဝန်ထမ်းတွေဟာ ပေးအပ်တဲ့ တာဝန်များကို ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။

ဖော်ပြပါကာလများအတွင်းဆောင်ရွက်ကြရတဲ့ စစ်ဘက်ဆိုင်ရာနဲ့ နယ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များဟာ အဓိကအားဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း

စာမျက်နှာ ၇ ကော်လံ ၁ သို့

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလတိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။**

**စာမျက်နှာ ၆ မှ**

သာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းစဉ်ကာလမှာ လုပ်ဆောင်ရတာမျိုးမဟုတ်ဘဲ အခက်အခဲမျိုးစုံနဲ့ တွေ့ကြုံရတဲ့ကာလမျိုးမှာ နိုင်ငံအတွက် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ရတာဖြစ်လို့ ၎င်းတို့ရဲ့ ဆောင်ရွက်ချက်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကာကွယ်ပေးထားဖို့လိုမှာ ဖြစ်ပါတယ်။

အဲဒီလို အရေးပေါ်အခြေအနေ ကြေညာထားတဲ့ကာလ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ယာယီကျင့်သုံးနေတဲ့ကာလနဲ့ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီက နိုင်ငံတော်အာဏာကို ယာယီကျင့်သုံးနေတဲ့ကာလများမှာ နိုင်ငံတော်သမ္မတရဲ့ကိုယ်စားဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ တာဝန်ပေးချက်အရဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရဲ့ တာဝန်ပေးချက်အရဖြစ်စေ နိုင်ငံ့တာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့ကြတဲ့ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းဝင်တွေ၊ နယ်ဘက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းဝင်တွေနဲ့ စစ်ဘက်၊ နယ်ဘက်ဝန်ထမ်းတွေအဖို့ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်များကို တရားဝင်အတည်ဖြစ်စေသင့်ပါတယ်။

နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်သမ္မတက အုပ်ချုပ်နေတဲ့ကာလ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ယာယီကျင့်သုံးနေတဲ့ကာလနဲ့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက နိုင်ငံတော်အာဏာကိုယာယီကျင့်သုံးနေတဲ့ကာလများအတွင်း နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးမူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိအောင်ဆောင်ရွက်ဖို့ တာဝန်ပေးအပ်ခြင်းခံရတဲ့ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းဝင်တွေ၊ နယ်ဘက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းဝင်တွေနဲ့ စစ်ဘက်၊ နယ်ဘက်ဝန်ထမ်းတွေရဲ့ တရားဝင်ဆောင်ရွက်ချက်များဟာ အတည်ဖြစ်ကြောင်း အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်ထားသင့်ပါတယ်။

ဒါကြောင့် အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာထားစဉ်ကာလအတွင်းတွင် နိုင်ငံတော်သမ္မတကိုယ်စားဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့်ကာလအတွင်းဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်အာဏာကိုကျင့်သုံးနေသည့်ကာလအတွင်းဖြစ်စေ တာဝန်ယူဆောင်ရွက်ကြရတဲ့ နယ်ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဝင်များ၊ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းဝင်များနှင့် စစ်ဘက်၊ နယ်ဘက်ဝန်ထမ်းများရဲ့ တရားဝင်ဆောင်ရွက်ချက်များနဲ့စပ်လျဉ်းပြီး–

**၂၃။ "အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားစဉ်ကာလအတွင်းတွင် နိုင်ငံတော်သမ္မတကိုယ်စားဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့်ကာလအတွင်းဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက နိုင်ငံတော်အာဏာကိုကျင့်သုံးနေသည့်ကာလအတွင်းဖြစ်စေ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုပြုနိုင်ရန် လုပ်ပိုင်ခွင့်နှင့် တာဝန်များပေးအပ်ခြင်းခံရသည့် အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင်တစ်ဦးဦး၊ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင်တစ်ဦးဦး၊ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင်တစ်ဦးဦး၏ တရားဝင်ဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်။ ယင်းတရားဝင်ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် တရားစွဲဆိုခွင့်မရှိစေရ"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းနဲ့စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ညီလာခံကိုယ်စားလှယ်များလေ့လာရာမှာ လွယ်ကူစေရေးအတွက် အဲဒီအသေးစိတ်အခြေခံရမယ့်မူတွေကို အောက်ပါအတိုင်း စုစည်းတင်ပြအပ်ပါတယ်–

**၁။ တိုင်းဒေသကြီးတစ်ခုတွင် ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင် ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း သိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။**

**၂။ အပိုဒ် ၁ အရ အရေးပေါ်အခြေအနေ ကြေညာသည့်ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–**

**(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု၏ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲခွင့်ရှိသည်။ ထို့အပြင် ယင်းအုပ်ချုပ်ရေးအာဏာကို သင့်လျော်သည့် အဖွဲ့အစည်းတစ်ရပ်ရပ် ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အပ်နှင်းဆောင်ရွက်စေနိုင်သည်၊**

**(ခ) ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများက ဥပဒေပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များအနက် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် ဥပဒေပြုခွင့်အာဏာကိုသာ ကျင့်သုံးခွင့်ရှိသည်။ သို့ရာတွင် ဥပဒေပြုခွင့်အာဏာကိုမူ မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သည့် ပုဂ္ဂိုလ်ကိုမျှ အပ်နှင်းဆောင်ရွက်စေခြင်း မပြုရ။**

**၃။ (က) တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ၊ ယင်းတို့၏တစ်စိတ် တစ်ဒေသတွင်ဖြစ်စေ၊ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ထိုသို့ပေါ်ပေါက်ရန် လုံလောက် သောအကြောင်းရှိကြောင်းသိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။**

**(ခ) အထက်အပိုဒ်ခွဲ(က)အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းရာတွင် အဖွဲ့ဝင်များစုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့်ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီ ထုတ်ပြန်ကြေညာနိုင်သည်။ ယင်းသို့ထုတ်ပြန်ကြေညာချက်ကို အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံးတင်ပြ အတည်ပြုချက်ရယူရမည်။**

**၄။ အပိုဒ် ၃ အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–**

**(က) အရေးပေါ်အခြေအနေကြေညာချက် အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ ယင်းအဖွဲ့အစည်းဝင်များ၊ နယ်ဘက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များက တည်ဆဲဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏အကူအညီကို ရယူဆောင်ရွက်နိုင်သည်။**

**(ခ) လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ်ထုတ်ပြန်နိုင်သည်။ ယင်းစစ်အုပ်ချုပ်ရေးအမိန့်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့်သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်"**

**၅။ နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာသည့်အခါ–**

**(က) ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်။**

**(ခ) လိုအပ်ပါက အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်းနေထိုင်ကြသော နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်။**

**၆။ နိုင်ငံတော်သမ္မတသည် အရေးပေါ်အခြေအနေကြေညာ၍ အပိုဒ် ၁နှင့် ၂ အရ အရေးယူဆောင်ရွက်ချက်များကိုလည်းကောင်း၊ အပိုဒ် ၃ နှင့် ၄ အရ အရေးယူဆောင်ရွက်ချက်များကိုလည်းကောင်း အမိန့်ထုတ်ပြန်သည့်နေ့မှ–**

**(က) ရက်ပေါင်း ၆၀ အတွင်း အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။**

**(ခ) ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပရန် မရှိလျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပစေလျက် တင်ပြ၍ တည်ပြုချက်ရယူရမည်။**

**၇။ အပိုဒ် ၆ အရ နိုင်ငံတော်သမ္မတ၏ တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက–**

**(က) အတည်ပြုလျှင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် သတ်မှတ်ထားသည့် နေ့ရက်နှင့် အချိန်ကာလကုန်ဆုံးသည်အထိ အာဏာတည်ရမည်။**

**(ခ) အတည်ပြုသည့်အပြင် အချိန်ကာလထပ်မံ တိုးမြှင့်သတ်မှတ်လျှင် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် တိုးမြှင့်သတ်မှတ်သည့်နေ့ရက်နှင့် အချိန်ကာလကုန်ဆုံးသည်အထိ အာဏာတည်ရမည်။**

**(ဂ) အတည်မပြုလျှင် အတည်မပြုသည့်နေ့ရက်နှင့် အချိန်ကာလက စတင်၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။**

**၈။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းတွေ့ရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် ထုတ်ပြန်၍ အရေးပေါ် အခြေအနေ ကြေညာနိုင်သည်။ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသသည် နိုင်ငံတစ်ဝန်းလုံးဖြစ်ကြောင်းနှင့် အချိန်ကာလသတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိ ဖြစ်ကြောင်း ဖော်ပြရမည်။**

**၉။ (က) အပိုဒ် ၈ အရ အရေးပေါ် အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန်ပြန်လည် ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုနိုင်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာရမည်။ ယင်းသို့ ကြေညာသည့်နေ့မှစ၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ ယင်းလွှတ်တော်များ၏ သက်တမ်းကုန်ဆုံးသည့် အခါ သက်ဆိုင်ရာလွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။**

**(ခ) ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များအား တာဝန်မှရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။**

**၁၀။ နိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာကို မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကိုယ်တိုင်ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ဖြစ်စေ၊ ကျင့်သုံး ဆောင်ရွက်နိုင်သည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို သင့်လျော်သည့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေနိုင်သည်။**

**၁၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရေးပေါ်အခြေအနေကြေညာထားစဉ် ကာလအတွင်း လိုအပ်သည့် နယ်မြေဒေသတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်။**

**၁၂။ နိုင်ငံတော်သမ္မတသည်–**

**(က) အပိုဒ် ၈နှင့်၉အရ အရေးပေါ် အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ် ဆောင်ရွက်စေသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့ ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေး ခေါ်ယူစေ၍ဖြစ်စေ အစီရင်ခံတင်ပြရမည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့

# အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကို နိုင်ငံတော်သမ္မတက ဦးဆောင်ပြီး နိုင်ငံတော်၏အာဏာများကို ယာယီကျင့်သုံးနေမှာဖြစ်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဆင့်ဆင့်သောအာဏာပိုင် အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာအရည်အချင်းနှင့် ညီညွတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။**

# အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၏ အစည်းအဝေးများ ရန်ကုန်မြို့ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမများ၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။





## နိုင်ငံရေးပါတီများ အစုအဖွဲ့

**နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လော အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

### နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖိလစ်(ခေါ်) ဦးဖိလစ်ဆမ်နှင့် ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီမှ ဦးလီကွယ်ချင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၃)မှဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်ပေါင်း၃၀ရှိသည့်အနက် ကိုယ်စားလှယ်၂၉ဦး တက်ရောက်ကြပြီး တက်ရောက်မှု ရာခိုင်နှုန်း ၉၆ဒသမ၆၇ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ ဦးထွန်းရင်လောက အဖွင့်အမှာစကား ပြောကြားသည်။

### ညှိနှိုင်းဆွေးနွေး

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အကြံပြုချက် စာတမ်းပြုစုတင်ပြရန် အချိန်ကာလ သတ်မှတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ဦးထွန်းရင်လောက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

### ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးနှင့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၂ ဦးရှိပြီး အစည်းအဝေးသို့ ရာခိုင်နှုန်းပြည့် တက်ရောက်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့်က အမှာစကား ပြောကြားသည်။

### ရှင်းလင်းပြောကြား

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများ အခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏အကြံပြုချက်စာတမ်းပြုစုတင်ပြရေးနှင့် စပ်လျဉ်း၍ အလှည့်ကျသဘာပတိ ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့်က ရှင်းလင်းပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ အကြံပြုချက်စာတမ်းများ ပြုစုတင်ပြရေးကိစ္စနှင့်စပ်လျဉ်း၍ ဝါးခယ်မမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီကိုယ်စားလှယ် ဦးသက်ဝေ၊ ကျောက်တော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ ကိုယ်စားလှယ် ဦးစံသာအောင်၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာမှုထန်နှင့် သုံးဦး အဖွဲ့ကိုယ်စား ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးတင်ဝင်းနှင့်ခြောက်ဦးအဖွဲ့ ကိုယ်စားမင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးတင်ထွန်းမောင်တို့က ဆွေးနွေးတင်ပြကြသည်။

## ရွေးချယ်ခံကိုယ်စားလှယ်များအစုအဖွဲ့

**ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)






စာမျက်နှာ ၇ မှ

(ခ) **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့် ပေးနိုင်သည်။ ယင်းသို့ တိုးမြှင့်ပေးသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေး ခေါ်ယူစေ၍ အစီရင်ခံတင်ပြရမည်။**

၁၃။ **နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့်အခါ ပြည်ထောင်စုလွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူစေ၍ အစီရင်ခံတင်ပြပြီးသည့်နေ့မှဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးပြီး ဖြစ်ပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ တင်ပြချက်လက်ခံရရှိသည့်နေ့မှစ၍ဖြစ်စေ၊ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်။**

၁၄။ **နိုင်ငံတော်သမ္မတသည် အပိုဒ် ၁၃အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာကို ရရှိသည့်အခါ ပြည်ထောင်စုလွှတ်တော် သက်တမ်းမကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ရမည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းအသစ်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။ ယင်းအဖွဲ့အစည်းများသည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက်သာ တာဝန်ထမ်းဆောင်ရမည်။**

၁၅။ **နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတအသစ်တို့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအသစ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအသစ်တို့ကိုလည်းကောင်း ရွေးချယ်တင်မြှောက် ပေးသည်အထိ ဆက်လက်တည်ရှိသည်။**

၁၆။ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့်သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။**

၁၇။ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်သမ္မတက အပိုဒ် ၈ နှင့် ၉အရ အရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စနှင့် စပ်လျဉ်း၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်း တင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိသည့်အခါ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေခဲ့သည့်အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်။**

၁၈။ **အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည်–**

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များဖွဲ့စည်းခြင်းမပြုနိုင်သေးမီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်သည်။**

(ခ) **ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်သမ္မတအသစ်ရွေးချယ်တင်မြှောက်ပြီး ပြည်ထောင်စုအဆင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းပြီးသည့်အချိန်ထိ နိုင်ငံတော်အာဏာများကိုကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ကျင့်သုံးဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာကို ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ရမည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဆင့်များအတွက် သင့်လျော်သည့် အဖွဲ့အစည်းများဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့်ပုဂ္ဂိုလ် တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံးဆောင်ရွက်စေနိုင်သည်။**

၁၉။ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာ အရည်အချင်းနှင့်ညီညွတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။**

၂၀။ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အပိုဒ် ၁၇အရ အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာသည့်နေ့မှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်။**

၂၁။ **အပိုဒ် ၁၉အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် အထွေထွေရွေးကောက်ပွဲများကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။**

၂၂။ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတ အမည်ဖြင့် ဖော်ပြဆောင်ရွက်ရမည်။**

၂၃။ **အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားစဉ် ကာလအတွင်းတွင် နိုင်ငံတော်သမ္မတကိုယ်စားဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့်ကာလအတွင်းဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့်ကာလအတွင်းဖြစ်စေ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုပြုနိုင်ရန် လုပ်ပိုင်ခွင့်နှင့် တာဝန်များ ပေးအပ်ခြင်းခံရသည့် အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင်တစ်ဦးဦး၊ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင်တစ်ဦးဦး၊ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင်တစ်ဦးဦး၏ တရားဝင်ဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်။ ယင်းတရားဝင်ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် တရားစွဲဆိုခွင့်မရှိစေရ။**

လို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ။





**တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့**

**တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်) ဦးလှမြင့် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

## အကြံပြုချက်စာတမ်း

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းပြုစုရေးအတွက် ဆွေးနွေးညှိနှိုင်းကြပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉ နာရီ မိနစ်၂၀တွင် ရုပ်သိမ်းလိုက်သည်။

## အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်နှင့် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး

ယင်းနောက် အကြံပြုချက်စာတမ်းများပြုစုတင်ပြရမည့်ရက်ကို အလှည့်ကျသဘာပတိက အတည်ပြုကြေညာပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၂၀တွင် ရုပ်သိမ်းလိုက်သည်။

## တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်၊ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်နှင့် ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးလုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့က ဆောင်ရွက်ကြသည်။

**တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့**

**တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဧရာဝတီတိုင်းမှ ဦးကြည်တင့် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)










**အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့**

**အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်း အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူးဦးဇော်ဝင်းနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်၄၇ဦး စလုံးတက်ရောက်ကြပြီး ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းပြောကြားချက်မှ ကောက်နုတ် စုစည်းချက်များကို အစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်း (တောင်တွင်း

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၆၄၅ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၆၃၂ဦးတက်ရောက်ကြရာ ရာခိုင်နှုန်းအားဖြင့် ၉၇ဒသမ၀၈ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းပြုစုတင်ပြရေးအတွက် စာတမ်းပြုစုရေးအဖွဲ့ခေါင်းဆောင် တနင်္သာရီတိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးစိုးမြင့်က ရှင်းလင်းပြောကြားပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစုအဖွဲ့အစည်းအဝေးကို နံနက်၉နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

**အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့**

**အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဒါရိုက်တာ ဦးခင်ဇော် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)











**နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့**

**နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးလှတင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

ဘိုသိန်း)နှင့် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးတို့က ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

## အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဒါရိုက်တာဦးခင်ဇော်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမောင်မောင်ဝင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှမြင့်တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးလုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းကလည်းကောင်း၊တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်ကလည်းကောင်း ဆောင်ရွက်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁

## တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဧရာဝတီတိုင်းမှ ဦးကြည်တင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မှ ဦးစိုင်းတင့်အောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးလုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ဦး ရှိပြီး ၉၁ဦးတက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၉၇ဒသမ၈၅ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ဧရာဝတီတိုင်းမှ ဦးကြည်တင့်က အဖွင့်အမှာစကား ပြောကြားသည်။

**အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့**

**အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)






# အမျိုးသားရေးအသင်းကြီးနှင့် အမျိုးသားရေးပန်းတိုင်

**မောင်ပညာကျော်**



မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖြစ်သည်။ ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး** ဟူသော ဒို့တာဝန် အရေးသုံးပါးသည် ပဓာနကျလျက်ရှိသည်။

နိုင်ငံဟူသည် နယ်နိမိတ်အပိုင်းအခြားရှိခြင်း၊ ပြည်သူလူထုရှိခြင်း၊ အစိုးရရှိခြင်း၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုရှိခြင်း စသည့်အင်္ဂါရပ်(၄)ရပ်နှင့် ပြည့်စုံရသည်။ ထိုအင်္ဂါရပ်(၄)ရပ်တွင် ပြည်ထောင်စုပြိုကွဲက နယ်နိမိတ် ပြိုကွဲမည်ဖြစ်သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲက ပြည်သူလူထုပြိုကွဲမည် ဖြစ်သည်။ အချုပ်အခြာ အာဏာပြိုကွဲက အစိုးရပြိုကွဲပြီး တစ်နိုင်ငံလုံး ကျွန်ဖြစ်မည်ဖြစ်သည်။ ထို့ကြောင့် ဒို့တာဝန် အရေးသုံးပါးသည် အသက်သွေးပမာ အရေးကြီးလှသည်။

အမျိုးသားရေးနှင့် သမိုင်းရေး လိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့ရသော တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ်နောက်ပိုင်း ပါတီစုံစနစ်ကျင့်သုံးရန် လမ်းခင်းပေးခဲ့သော်လည်း ပါတီနိုင်ငံရေးသမား အများစုသည် ၎င်းတို့ ပါတီအာဏာရရှိရေးအတွက် အဓိကထားခဲ့ကြသည်။ ၎င်းတို့ပါတီအာဏာ ရရှိရေးအတွက် ပြည်သူလူထုကို အလုအယက်စည်းရုံးခဲ့ကြသည်။ လူမျိုးရေး ဇန်းပြပြီး လူထုလူတန်းစားများအပေါ် အမြတ်ထုတ်ခဲ့ကြသည်။ ထိုသို့ ပါတီနိုင်ငံရေး အမြတ်ထုတ်ခဲ့ကြသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးလာခဲ့သည်။ ပြည်သူလူထုအတွင်း စည်းလုံးညီညွတ်မှုအင်အား လျော့နည်းလာခဲ့သည်။

အမှန်မှာ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ လိုလားတောင့်တမှုမှာ ပြည်ထောင်စုကြီး အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ရန် နိုင်ငံတော်အတွင်း နေထိုင်ကြသည့်ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး တူညီသောအသိ၊ တူညီသောအတွေးအခေါ်၊ တူညီသော ယုံကြည်ချက်နှင့်အတူ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ရှိကြရမည် ဖြစ်သည်။ တူညီသောအတွေးအခေါ်၊ ယုံကြည်ချက်နှင့်အတူ ဒို့တာဝန် အရေးသုံးပါးကို တိုင်းရင်းသားပြည်သူတိုင်း ဦးထိပ်ပန်ဆင်ကြရမည်ဖြစ်သည်။

ဤနေရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းစဉ်ကြီးများအဖြစ် သတ်မှတ်ဆောင်ရွက်ကြရမည် ဖြစ်သည်။ ထို့ပြင် ပြည်တွင်းအဖျက်အမှောင့် မြေပေါ်မြေအောက် အဖျက်လုပ်ငန်း၊ ပြည်ပမှ အနောက်အုပ်စုနိုင်ငံကြီးအချို့နှင့် ပူးပေါင်းပြီး ဩဇာခံကျွန်နိုင်ငံဖြစ်ရန် ကြိုးပမ်းအားထုတ်နေမှုများကို ပြည်သူ့သဘောထား(၄)ရပ်ကို လက်ကိုင်ထား၍ အမြဲမပြတ် စောင့်ရှောက်ကာကွယ်သွားကြရမည် ဖြစ်သည်။ ဤသို့သောအချက်များကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံကျပေသည်။

ထိုသို့ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံလျက် ဒို့တာဝန်အရေးသုံးပါးအတွက် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပါဝင်အကောင်အထည်ဖော်ရင်း တစ်ဖက်ကလည်း ပြည်သူ့သဘောထားကို မမှိတ်မသုန်အာရုံပြု လက်ကိုင်ထားသည့် အမာခံအသင်းကြီးတစ်ရပ် ပေါ်ထွက်ဖွဲ့စည်းရန် အမျိုးသားရေးလိုအပ်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

နိုင်ငံတော်၏ အမျိုးသားရေးလိုအပ်ချက်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို အမျိုးသားရေးအသင်းကြီးအဖြစ် ၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့က စတင်ဖွဲ့စည်းခဲ့သည်။

**(၁) ပြည်ထောင်စု မပြိုကွဲရေး**
**(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး**
**(၃) နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**
**(၄) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊**
**(၅) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး**

ဟူသော ရည်ရွယ်ချက် (၅)ရပ်ဖြင့် အမျိုးသားရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် သက်တမ်း ၁၃နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။ ယခုအခါ အသင်းဝင်ဦးရေ ၂၃သန်းကျော်ရှိနေသဖြင့် အသင်းဝင်အင်အားသည် နိုင်ငံတော်လူဦးရေ၏ ၄၀ရာခိုင်နှုန်းရှိနေသည်။

အမျိုးသားရေးအသင်းကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်များမှာ ပြည်ထောင်စုကြီးအတွက် ပဓာနကျပြီး အရေးပါနေပုံနှင့်စပ်လျဉ်း၍ အသင်းနာယကကြီး နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၉၉၈ခုနှစ် စက်တင်ဘာလ ၉ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၌ ဩဝါဒစကားမြွက်ကြားရာတွင်–

**“ဒို့အသင်းကြီးရဲ့ အဓိဋ္ဌာန်နဲ့ ရည်ရွယ်ချက်(၅)ရပ်ဟာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအဖို့ ယခုရော နောင်ကာလအတွက်ပါ ပဓာနကျတဲ့ မလွဲမသွေထိန်းသိမ်းဖော်ဆောင်နေရမယ့် တစ်မျိုးသားလုံးနှင့်ဆိုင်တဲ့၊ အမျိုးသားနိုင်ငံရေး အနှစ်သာရတွေ ပြည့်လျှံစွာ ပါဝင်နေတာကို သိသာနိုင်ပါတယ်။ အဲဒီရည်ရွယ်ချက်(၅)ရပ်စလုံးက တန်းတူအရေးကြီးတဲ့ အချက်တွေလဲ ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကြီး (၅)ရပ်အနက် တစ်ချက်တလေမျှ ပျက်ကွက်ယုတ်လျော့ထိပါးခြင်း အလျှင်းမခံနိုင်တဲ့အချက်တွေလဲ ဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် အဲဒီရည်ရွယ်ချက်(၅)ရပ်အနက် တစ်ချက်ချက် ပျက်ပြားသွားမယ်ဆိုရင် ကျန်ရည်ရွယ်ချက်တွေပါ ထိခိုက်ပျက်စီးစေနိုင်လို့ပဲဖြစ်တယ်။ ဒါကြောင့် ဒို့ပြည်ထောင်စုကြီးအဖို့ သေရေးရှင်ရေးတမျှ အရေးကြီးလှတဲ့ ဒီရည်ရွယ်ချက်ကြီး (၅)ရပ် အောင်မြင်မှုရှိအောင် အသင်းဝင်များသာမက တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်တဲ့ ပြည်သူလူထုကြီးကပါ အလေးထားပြီး ကာကွယ်စောင့်ရှောက်ထိန်းသိမ်းကြဖို့လိုအပ်ပါတယ်”**

ဟူ၍ ထည့်သွင်းလမ်းညွှန် မြွက်ကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် တိုင်းရင်းသားမျိုးဆက်သစ်များ၏ ပေါင်းဆုံရာနေရာဖြစ်သည့်အပြင် ပြည်ထောင်စုတိုင်းရင်းသားမျိုးဆက်သစ် အညွန့်အဖူးကလေးများကို ပြုစုပျိုးထောင်ပေးသော ပန်းဥယျာဉ်ကြီးလည်း ဖြစ်သည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရေး၌ တိုင်းရင်းသားလူမျိုးပေါင်းစုံကို ချစ်ကြည်လေးစားစွာ စည်းရုံးလက်တွဲ၍ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားမည့် အမျိုးသားရေး အကျိုးစီးပွားကို ဦးထိပ်ထားသော အသင်းကြီးဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ အမျိုးသားရေးပန်းတိုင်သည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးပင်ဖြစ်သည်။ ထိုအမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အား ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူအင်အားစုကြီး (၃)ရပ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အတွင်း ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် အထူးဒေသကြီး၂၄ခု၊ နယ်စပ်ဒေသနှင့်ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အသင်းဝင်မောင်မယ်များအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်လူဦးရေ၏ ၇၀ရာခိုင်နှုန်း နေထိုင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်မှုများတွင်လည်း တက်ကြွစွာပါဝင်လျက် ရှိကြသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ဖြစ်သော လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့အပြင် ကျေးလက်မီးလင်းရေးနှင့် ကျေးလက်စာကြည့်တိုက်များ တည်ထောင်ရေး လုပ်ငန်းများကို အသင်းကြီးက အင်ပြည့်အားပြည့် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် ကူညီခြင်း၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့် လမ်းများဖောက်လုပ်ရာတွင် ပါဝင်လုပ်ကိုင်ခြင်းတို့ဖြင့် အကျိုးပြုလျက်ရှိသည်။ ဆည်ကန်ငယ်များတူးဖော်ခြင်း၊ စက်ရေတွင်းများ တူးဖော်ခြင်း၊ စိုက်ပျိုးရေးအတွက် လယ်ကြားမြောင်းများ တူးဖော်ခြင်းတို့တွင်လည်း ပါဝင်လျက်ရှိသည်။

ပညာအဆင့်အတန်းမြင့်မားရေးအတွက်၊ စာသင်ကျောင်းများသို့ စာရေးခုံ၊ စာသင်ခုံများလှူဒါန်းခြင်း၊ စာသင်ကျောင်းများပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်း၊ ကျောင်းနေအရွယ် ကလေးများ ကျောင်းနေနိုင်ရေး ပါဝင်ဆောင်ရွက်ခြင်း၊ ပညာသင်စရိတ် ထောက်ပံ့ခြင်း၊ စာအုပ်စာတမ်းများ လှူဒါန်းခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးပန်းတိုင်သို့ရောက်ရှိရန် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် သက်တမ်း ၁၃နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အသင်းဝင်များဖြစ်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးဆက်သစ် မောင်မယ်တို့၏ အတွေးအခေါ် ညီညွတ်မှု၊ အသိအမြင်တူညီမှု၊ လုပ်နည်းလုပ်ဟန် ညီညွတ်မှုတို့ကို အခြေခံထားလျက် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေး ပန်းတိုင်သို့ ချီတက်လျှောက်လှမ်း ကြိုးပမ်းလျက်ရှိကြသည်။ ထိုသို့ ကြိုးပမ်းရွက်ဆောင်ရာတွင် ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဟူသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အမျိုးသားရေးကို ဖော်ဆောင်မှုပေးသွားမည့် အဖွဲ့အစည်းကြီးအဖြစ် အစဉ်ရပ်တည်သွားမည် ဖြစ်ပါသည်။ ။

## ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် စုပေါင်းမဟာဘုံကထိန်ပွဲနှင့် ပထမကျော်ပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁**

ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး စီမံအုပ်ချုပ်တော်မူလျက်ရှိသော ဗဟန်းမြို့နယ်မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၌ (၃၉)ကြိမ်မြောက် ကျောင်းတိုက်မဟာဘုံကထိန်နှင့် ၂၀၀၆ ခုနှစ် နိုင်ငံတော်အစိုးရ ပထမကျော်ဘွဲ့ရ အရှင်ဇဝနာလင်္ကာရ ဝိနယဝိဒူ၊ တစ်နိုင်ငံလုံးပထမ အရှင်ပညာသိဟာ လင်္ကာရ၊ ဓမ္မာစရိယဘွဲ့ အရှင်မဏိဇောတာလင်္ကာရ၊ အရှင်ဇာနေယျာလင်္ကာရ၊ အရှင်မုနိန္ဒာလင်္ကာရ၊ အရှင်ရာဇဓမ္မာလင်္ကာရတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

## ရခိုင်မောင်/မယ် တံမြက်လှည်းအသင်း မသိုးသက်န်းရက်လုပ် ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

လှိုင်သာယာမြို့ရှိ အောင်မြေသာယာ ဆုတောင်းပြည့် ရွှေစေတီတော်တွင် လှိုင်သာယာမြို့နယ်လုံးဆိုင်ရာ ရခိုင်မောင်/မယ် တံမြက်လှည်းအသင်းမှ ကြီးမှူး၍ ပထမအကြိမ် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲနှင့် မီးထွန်းပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၄ရက် ညတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

**မူးယစ်ကင်းစင် အလှဆင်**

## အ-ထ-က(၄)အလုံ(ယခင်ဘက်ပ်တစ်၊ ကူရှင်၊ ယူနီယံ၊ ယူနိုက်တက်) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁

**အသက်(၆၀)နှင့်အထက် ဆရာ၊ ဆရာမများကြီးအတွက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၄ရက် (အမျိုးသားနေ့) နံနက် ၁၀နာရီ၌ အ-ထ-က (၄)အလုံ၊ ပင်လုံခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများလာရောက်ဂါရဝပြုကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေများကို အ-ထ-က(၄)အလုံကျောင်းရုံးခန်းရှိ ဆရာမ ဒေါ်ကြည်ကြည်ညွန့်၊ ဖုန်း-၂၂၁၄၀၆ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းကြိုးပမ်း**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် လောက်ကိုင်ခရိုင် ကုန်းကြမ်းမြို့နယ်ရှိ ဌာနဆိုင်ရာများသည် မြို့ပြအုပ်ချုပ်ရေး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးအမြင်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်ကြရန် လိုကြောင်း။

ကုန်းကြမ်းမြို့နယ်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဝမ်းစာဖူလုံရေးတို့အတွက် အလေးထားဆောင်ရွက်ကြရန်နှင့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဌာနဆိုင်ရာအသီးသီးက ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး နယ်မြေခံတပ်နယ်မှ အရာရှိ စစ်သည်မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများ၊ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို အသီးသီး ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ယုံကြည်အားကိုးမှု**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကုန်းကြမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျန်းမာရေးဝန်ထမ်းများသည် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာတွင် ပြည်သူများ၏ ယုံကြည်အားကိုးမှုရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကုန်းကြမ်း-ညံခွမ်း-တာပါးလမ်း အတိုင်း ဆက်လက်ထွက်ခွာ၍ တာပါးကျေးရွာအနီးရှိ သံလွင်တံတား (တာပါး)သို့ ရောက်ရှိကြပြီး တံတားကြီးကြပ်ခိုင်မှုနှင့် သံလွင်မြစ်ကြောင်း စီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သံလွင်တံတား (တာပါး) သည် အရှည်ပေ ၆၀၀ အကျယ် ၁၆ ပေ ၄ လက်မရှိပြီး သံကူကွန်ကရစ် သံပေါင်ကြိုးတံတားဖြစ်ကြောင်း သိရှိရသည်။

**ကြည့်ရှုစစ်ဆေး**

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တာပါး-ကွတ်ခိုင်လမ်းအတိုင်း ဆက်လက်ထွက်ခွာ၍ တာပါး-မုံးစီး-တာမိုးညဲလမ်း ဝဲယာရှိ ကုန်းမြင့်ယာမြေများ အောင်မြင်ဖြစ်ထွန်းမှုနှင့် လမ်းပိုင်းအခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြရာ တာမိုးညဲမြို့သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုခန်းမ၌ တာမိုးညဲ တပ်နယ်ရှိ အရာရှိ စစ်သည် မိသားစုဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အထူးဒေသ (၅) ကောင်းခါး ဒုတိယဥက္ကဋ္ဌ(၁) ဦးဇော်ယော်၊ အထူးဒေသ(၂) လွယ်ကန် အုပ်ချုပ်ရေးမှူး ဦးဘောက်လာ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ တာမိုးညဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာ၌ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် တာမိုးညဲဒေသသည် ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ကြီးကြပ်မှု၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်မှုတို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည်ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတို့ ထာဝရ တည်ငြိမ်အေးချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးလုပ်ငန်းစဉ်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းကြောင်း။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တာမိုးညဲ-ကွတ်ခိုင်လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် ကွတ်ခိုင်မြို့သို့ ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။

**(သတင်းစဉ်)**

# တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

**တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီတွင် တနင်္သာရီတိုင်း မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်းတာဝန်ခံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက် အဖွင့်အမှာစကားပြောကြားကြသည်။**

ထို့နောက် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တနင်္သာရီတိုင်းအတွင်း အောင်ချက် အကောင်းဆုံး ကျောင်းများနှင့် အမှတ်အများဆုံးဖြင့် သိပ္ပံဘာသာတွဲဆုရ ထားဝယ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မမြတ်ဟေမာစိုးနှင့် ဝိဇ္ဇာဘာသာတွဲဆုရ မောင်အောင်ယုရှိန်တို့အား တိုင်းအသင်း နာယက တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးကလည်းကောင်း၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မြိတ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မကေရီထွန်းနှင့် မြိတ်ခရိုင် ထားဝယ်ခရိုင်များမှ လေးဘာသာ၊ သုံးဘာသာဂုဏ်ထူးရှင်များအား ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ (၁၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရရှိသူများနှင့် ပြည်နယ်နှင့် တိုင်းအားကစားပြိုင်ပွဲရွှေတံဆိပ်ဆုရရှိသူများအား တိုင်းမှူး၏ ဇနီး တနင်္သာရီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်သန်းဌွေးနှင့်တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စီးပွားရေးလုပ်ငန်းရှင်များက တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ရန်ပုံငွေများပေးအပ်လှူဒါန်းကြရာသီတာ ရေလုပ်ငန်းကုမ္ပဏီ၊ပြည့်ဖြိုးထွန်းကုမ္ပဏီနှင့် အဆောင်ကောင်း ကုမ္ပဏီတို့က အလှူငွေကျပ်ငါးသိန်းစီအပါအဝင် ကုမ္ပဏီလုပ်ငန်းရှင်၁၀ဦးတို့ကစုစုပေါင်း အလှူငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်း ကြရာ ဗဟိုအလုပ်အမှုဆောင် တိုင်းတာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အစီအစဉ်အရ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်ကိုဆက်လက်ကျင်းပရာတိုင်းအသင်း အတွင်းရေးမှူး ဦးကျော်ကျော်ဌွေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စည်းရုံးရေး၊ စီမံရေးရာ၊ စီးပွားရေးရာ၊လူမှုရေးနှင့် ယဉ်ကျေးမှု၊ ပညာရေး အစီရင်ခံစာများကို တိုင်းအလုပ်အမှုဆောင်များက အသီးသီး ဖတ်ကြားရှင်းလင်းကြသည်။

အစီအစဉ်အရ ထားဝယ်ခရိုင်၊ ကော့သောင်းခရိုင်နှင့် မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက ကဏ္ဍအလိုက် တစ်နှစ်တာ လုပ်ငန်းအကောင်အထည်ဖော်မှုများကို တင်ပြကြပြီး ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများအတွက် အစည်းအဝေး၏ ဆန္ဒသဘောထားရယူကာ အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမိသားစု ပထမအကြိမ်ဘုံကထိန်သင်္ကန်းကပ်လှူပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီးဒေါ်ကြည်ကြည်ဝင်းတို့အားအမှူးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမိသားစု၏ ပထမအကြိမ် ဘုံကထိန်သင်္ကန်းကပ်လှူပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် စုဋ္ဌာမဏိကျောင်းတိုက်၌ ကျင်းပရာ စုဋ္ဌာမဏိကျောင်းတိုက် ဆရာတော် ဦးအာဒိစ္စဝံသအမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

**သီလခံယူ**

ထို့နောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအမှူးပြုသော ပရိသတ်တို့က စုဋ္ဌာမဏိကျောင်းတိုက်ဆရာတော် ဦးအာဒိစ္စဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ပရိသတ်တို့က ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ဆရာတော် ဦးအာဒိစ္စဝံသထံ ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်း မိသားစုများနှင့် ပရိသတ်များက ဆရာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ပရိသတ်တို့က ဆရာတော် ဦးအာဒိစ္စဝံသထံမှ ရေစက်ချတရားတော်များ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ(**အပေါ်ပုံ**) အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအားနေ့ဆွမ်းဆက်ကပ်လှူဒါန်း ကြသည်။ **(သတင်းစဉ်)**

# အောင်ဘာလေသိန်းဆု ကံထူးရှင်များပေါ်ထွက်

**ရန်ကုန် နိုဝင်ဘာ ၁**

(၂၁၄)ကြိမ်မြောက် ကျပ်၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့်ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကျပ်သိန်း၅၀၀အထူးဆု**

ဗ-၁၂၈၄၀၄

**ကျပ်သိန်း၃၀၀ဆုများ**

ခ-၉၃၀၉၀၁ က-၇၈၁၈၄၀

**ကျပ်သိန်း၂၀၀ဆုများ**

ဘ-၅၇၄၅၁၀ ဘ-၈၉၀၆၉၄
င-၄၀၅၄၆၆ ဍ-၁၈၃၀၄၅

**ကျပ်သိန်း၁၀၀ဆုများ**

ခ-၆၉၁၀၇၁ ဘ-၆၈၄၄၃၃
ရ-၈၀၇၇၀၂ ခ-၆၃၉၁၉၂
ဌ-၇၈၂၂၀၄ ည-၆၀၇၈၀၅
ဝ-၈၂၉၄၀၄ ဖ-၈၇၄၁၉၆
လ-၂၀၀၀၁၂ ရ-၁၆၂၈၇၉
ဎ-၅၂၃၄၉၃ ပ-၉၀၂၁၆၇
ထ-၉၂၉၉၃၀ ဗ-၉၁၇၇၉၂
ဖ-၆၅၆၁၇၉

**ကျပ်သိန်း၁၀၀ဆု(မင်္ဂလာစုံတွဲ)**

ည-၉၈၈၀၂၃ ဘ-၄၉၈၂၃၆
ဂ-၈၄၆၈၈၇ ဃ-၄၃၃၅၅၄
ရ-၄၉၉၅၉၆ ဝ-၈၇၁၄၁၃
တ-၁၉၂၃၇၄ ည-၂၄၄၂၃၁
ဂ-၉၆၈၆၁၆ ဓ-၆၀၇၃၀၄
ဋ-၆၆၇၃၄၃ ဂ-၇၀၇၈၅၅
ဝ-၁၈၀၄၆၁ င-၅၄၂၀၀၄
တ-၆၈၄၅၇၆ ဝ-၁၇၃၁၇၃

**(သတင်းစဉ်)**

# ရန်ကင်းမြို့နယ်၁၂လုံးတန်းဓမ္မသဘင် သဒ္ဓမ္မဘာဝိတဓမ္မာရုံကြီး၌ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၃)ရပ်ကွက် (၁၂လုံးတန်း) ရန်ရှင်းလမ်း သဒ္ဓမ္မဘာဝိတဓမ္မာရုံကြီးတွင် နိုဝင်ဘာ၄ရက် (စနေနေ့) ည ၇နာရီတွင် အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ) အရှင်သူမြတ်ကလည်းကောင်း၊ နိုဝင်ဘာ ၅ရက်(တနင်္ဂနွေနေ့) ည ၇နာရီတွင် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း ရွှေဟင်္သာ) အရှင်သူမြတ်ကလည်းကောင်း၊ နိုဝင်ဘာ ၆ရက် (တနင်္လာနေ့) ည၇နာရီတွင် ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း) အရှင်သူမြတ်ကလည်းကောင်း၊ နိုဝင်ဘာ ၁၂ရက်(တနင်္ဂနွေနေ့)၊ ၁၃ရက်(တနင်္လာနေ့)၊ ၁၄ရက်(အင်္ဂါနေ့)ည၇နာရီတွင် ဓမ္မစေတီအရှင်ကောသလ္လအရှင်သူမြတ်ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများ ဟောကြားချီးမြှင့်တော်မူမည်ဟု သိရသည်။ **(က-ပ)**

*စာမျက်နှာ ၉ မှ*

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ ဦးရှိပြီး ၅၆ဦးစလုံးတက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၁၀၀ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ဒါရိုက်တာ ဦးခင်ဇော်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အလှည့်ကျသဘာပတိ ဒါရိုက်တာ ဦးခင်ဇော်က ရှင်းလင်းပြောကြားသည်။

## အဖွဲ့သုံးဖွဲ့ ဖွဲ့စည်း

ယင်းနောက် အစုအဖွဲ့မှတင်ပြမည့် အကြံပြုချက်စာတမ်းပြုစုရေးအတွက် တစ်ဖွဲ့လျှင် ၁၇ဦး ကျစီဖြင့် စာတမ်းပြုစုရေးအဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်းသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရပ်သိမ်းသည်။

## နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ အဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးလှတင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး လုပ်ငန်း အဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

## အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့တက်ရောက်ခွင့်ရှိ သည့် ကိုယ်စားလှယ် ၁၀၉ ဦး ရှိပြီး အစည်းအဝေးသို့ ရာခိုင်နှုန်းပြည့် တက် ရောက်ကြသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးလှတင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင် ဦးအုံ့မောင်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင် မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အကြံပြုချက်စာတမ်းပြုစုရန် ရွေးကောက်တင်မြှောက်ခြင်း အခန်းအတွက် အကြံပြု ချက်စာတမ်းပြုစုရေးအဖွဲ့ငယ် ခေါင်းဆောင်အဖြစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲကျင်းပရေးကော်မရှင်ရုံးမှ ဦးထွန်းထိန်၊ နိုင်ငံရေးပါတီများ အခန်းအတွက် အကြံပြုချက်စာတမ်းပြုစုရေးအဖွဲ့ငယ် ခေါင်းဆောင်အဖြစ် တရားရုံးချုပ်မှ ဦးမောင်မောင်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် အကြံပြုချက်စာတမ်း ပြုစုရေးအဖွဲ့ငယ် ခေါင်းဆောင်အဖြစ် ရှေ့နေချုပ်ရုံးမှ ဦးသန်းထွန်းတို့အား တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## မေးမြန်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက မရှင်းလင်းသည်များနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်သိမ်းလိုက်သည်။

## အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးလုပ်ငန်းအဖွဲ့ (၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်ကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်၈၉ဦးရှိပြီး ၈၉ဦးစလုံးတက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၁၀၀ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

## အဖွင့်အမှာစကားပြောကြား

ယင်းနောက် အလှည့်ကျ သဘာပတိ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ များနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ရှင်းလင်းပြောကြားချက် များကို သဘာပတိအဖွဲ့က ဖတ်ကြားပြီး အစုအဖွဲ့၏အကြံပြုချက်စာတမ်း ပြုစုတင်ပြရေးအတွက် ရှင်းလင်းပြောကြား၍ အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစုအဖွဲ့အစည်းအဝေးကို နံနက်၉နာရီ မိနစ်၄၀တွင် ရပ်သိမ်းသည်။

**(သတင်းစဉ်)**

## သမိုင်းမှတ်တိုင်စိုက်ထူခြင်း

* ပင်မရေစီး၊ မြစ်ကြီးဧရာဝတီ  
ဒုဋ္ဌဝတီနှင့်၊ ရွှေလီစစ်တောင်း  
ပေါင်းလောင်းသံလွင်၊ တသွင်သွင်စီးဆင်း  
ချင်းတွင်းလည်းမကျန်၊ ရေစီးသံတွေ  
တစ်ရံမခြား၊ ပြည်ထောင်သားတို့  
အင်အားအဖြစ်၊ သမိုင်းသစ်ကို  
ကြိုဆိုနေဟန်၊ တေးဆိုသံလား  
ဒို့ခံစားရ၊ မြန်မာ့အနာဂတ်  
ဖြောင့်မတ်လမ်းကြောင်း၊ စေတနာကောင်းနှင့်  
စုပေါင်းဝန်းရံ၊ ညီလာခံလျှင်  
လမ်းစဉ်ခုနစ်ရပ်၊ ချမှတ်ရည်မျှော်  
အကောင်အထည်ဖော်သည့်၊ အမိမြန်မာပြည်  
အရှည်တည်တံ့၊ ကြံ့ကြံ့ခိုင်ခိုင်  
သမိုင်းမှတ်တိုင်ကို ....  
တစ်နိုင်ငံလုံးက၊ စိုက်ထူခြင်း။ ။  
(အမျိုးသားညီလာခံကြီးကို ဂုဏ်ပြုလျက်-)

**ဟသ်ာတမြင့်ငွေ**

# နာမည်ကြီးမန်ယူတို့ ပို့စ်မောက်ကို ဖြတ်ကျော်မည် စပါး၏ခြေခံမှုနှင့်ကြုံရမည့် ချယ်လ်ဆီးတို့၏ ပရီမီယာလိဂ်ပွဲစဉ်(၁၁)

**သုံးသပ်တင်ပြသူ**
**မောင်ချစ်ကြည်**

ရန်ကုန် နိုဝင်ဘာ ၁

**ပရီမီယာလိဂ်မာရသွန်ခရီး သုံးပုံတစ်ပုံရှိချိန်၌ ချန်ပီယံဆု မည်သူဆွတ်ခူးသွားမည်ကို သိသာထင်ရှားစွာ ရုပ်လုံးမပေါ်သေးသော်လည်း လက်ရှိချန်ပီယံ ချယ်လ်ဆီးတို့ သရဖူ ဆက်လက်ပိုင်ဆိုင်ခွင့်ရရေးမှာ မန်ယူတို့ ခြိမ်းခြောက်မှုနှင့်ကြုံတွေ့နေရပြီဖြစ်သည်။ ပရီမီယာလိဂ်၌ ချန်ပီယံသရဖူကို ကြာရှည်ဆုပ်ကိုင် အပိုင်စီးထားနိုင်ခွင့်မရှိအောင် ယှဉ်ပြိုင်မှုများ ပြင်းထန်လာလျက်ရှိရာ ပွဲစဉ်တိုင်း ရင်ခုန်လှုပ်ရှားဖွယ်ရာများ ဖြစ်လာပြီဖြစ်သည်။**

ပရီမီယာလိဂ်ပွဲစဉ်(၁၁)ကို နိုဝင်ဘာ၄ရက်နှင့် ၅ရက်များတွင် ကစားမည်ဖြစ်ရာ မန်ယူက အိမ်ကွင်း၌ ပို့စ်မောက်နှင့် ကြုံတွေ့ရမည်ဖြစ်ပြီး ချယ်လ်ဆီးက စပါးကွင်း၌ သွားရောက် ကစားရမည်ဖြစ်ရာ လက်ရှိနေရာ၌ တည်မြဲရန် မန်ယူနှင့် ချယ်လ်ဆီးတို့ အပြင်းအထန် ကြိုးစားကြရမည့် ပွဲစဉ်များပင်ဖြစ်သည်။

## မန်ယူနှင့်ပို့စ်မောက်

ယခုနှစ် ပရီမီယာလိဂ်သရဖူကို ချယ်လ်ဆီးလက်မှခပ်ကြမ်းကြမ်းလုယူတော့မည့် မန်ယူသည် ပြိုင်ဘက်များကို ပြတ်ပြတ်သားသား အနိုင်ယူလျက်ရှိရာ တိုက်စစ်၊ ခံစစ်မျှတကောင်းမွန်အောင်လည်း ဖာဂူဆန်က ဆောင်ရွက်လျက်ရှိသည်။ မန်ယူတိုက်စစ်မှူး ရွှန်နေလည်း ဂိုးသွင်းအား ပြန်ကောင်းလာလျက် ရှိသလို ရိုနယ်ဒိုကလည်း တစ်ဖက် နောက်တန်းကို ထိုးဖောက် ခြိမ်းခြောက်နိုင်နေရာ မန်ယူတိုက်စစ်မှူးများ အတွဲညီနေမှုကြောင့် ပို့စ်မောက်ကို အိမ်ကွင်း၌ အနိုင်ကစားမည်သာ ဖြစ်သည်။ ခြေစွာသော ပို့စ်မောက်တို့ မန်ယူ၏ ကစားရှိန်တက်နေမှုကို ဟန့်တားရန် ခက်ခဲမည်ဖြစ်ရာ ယခင်နှစ် ရလဒ်ဖြစ်သည့် သုံးဂိုး-ဂိုးမရှိအတိုင်း အဖြေမထွက်အောင် ကြိုးစား ရန်းကန်ရတော့မည်ဖြစ်သည်။

မန်ယူတို့ခြေစွာပါက ပို့စ်မောက်ကို ဂိုးပြတ်သွင်းအနိုင်ယူမည်ဖြစ်ရာ တန်းစီဇယားထိပ်ဆုံးနေရာမှ ဖယ်ပေးမည် မဟုတ်သောမန်ယူတို့ အိမ်ကွင်း၌ အနိုင်ရအောင်ကစားပြီး သုံးမှတ်အပြည့်ရအောင်ယူမည်ဖြစ်သည်။

## စပါးနှင့် ချယ်လ်ဆီး

ရှက်ဗ်ချင်ကိုနှင့် ဒရော့ဘာတို့ ဒဏ်ရာရနေမှုကြောင့် ချယ်လ်ဆီးတိုက်စစ်အားနည်းနေသဖြင့် စပါးကို ခက်ခက်ခဲခဲ ကစားရတော့မည်ဖြစ်သည်။ ချယ်လ်ဆီးတွင် ဂိုးသမား ပီတာချက်၊ ဒုတိယဂိုးသမား ကူဒီစီနီတို့လည်း ဒဏ်ရာရနေပြန်ရာ ချယ်လ်ဆီးတို့ စပါးကိုရင်ဆိုင်ရန် လွယ်ကူမည်မဟုတ်ချေ။ သို့သော်အရန်ဂိုးသမား ဟီလာရီယိုက အသုံးတည့်နေသဖြင့် ချယ်လ်ဆီးတို့ သက်သာရာရနေခြင်း ဖြစ်သည်။

အိမ်ကွင်း၌ ခြေမှန်ရပြီး ကစားရခက်သော စပါးကို ချယ်လ်ဆီးတို့ လွယ်လွယ်ကူကူအနိုင်ရမည်မဟုတ်ရာ ချယ်လ်ဆီးနည်းပြမော်ရင်ဟိုလည်း နည်းဗျူဟာအခင်းအကျင်းပြောင်းမှ ရမည်ဖြစ်သည်။ အသင်းကြီးများကို ဒုက္ခပေးတတ်သော စပါးကို လျှော့တွက်ပါက ချယ်လ်ဆီးတို့ သင်ခန်းစာ ရသွားနိုင်မည်ဖြစ်ရာ သေသေချာချာပြင်ဆင်ကစားမှသာ အောင်ပွဲရနိုင်မည့်အနေအထားရှိသည်။ သို့သော် အရန်လူအင်အားတောင့်တင်းပြီး အမှားအယွင်းနည်းစွာ ကစားတတ်သော ချယ်လ်ဆီးတို့ မန်ယူကို ဖိအားပေးနိုင်ရေးအတွက် အနိုင်ရအောင်ကြိုးစားကစားမည်သာဖြစ်သည်။

## လီဗာပူးနှင့်ရက်ဒင်း

လီဗာပူးက ပြီးခဲ့သည့် ပွဲစဉ်(၁၀)၌ အက်စတွန်ဗီလာကို အနိုင်ကစားခဲ့သဖြင့် ရှုံးပွဲတွေရပ်တန့်ပြီး နိုင်ပွဲတွေ ဆက်တိုက်ရဖို့ ပြင်ဆင်နေချိန်ဖြစ်ရာ လူသစ်ရက်ဒင်းကို အိမ်ကွင်း၌ အနိုင်ကစားရန်ပြင်ဆင်ထားပြီဖြစ်သည်။

လီဗာပူးတွင် ဂါစီယာနှင့် ဂျရတ်တို့ကလည်း ဂိုးများသွင်းယူနေကြရာ အိမ်ကွင်း၌ ရက်ဒင်းကို ဂိုးပြတ်သွင်းနိုင်အောင် ကြိုးစားကစားမည်ဖြစ်သည်။ ချန်ပီယံလိဂ် ပွဲစဉ်အဖြစ် ပြင်သစ်ကလပ် ဘော်ဒိုးကို သုံးဂိုးသွင်းအနိုင်ယူခဲ့သည့် ခြေစွမ်းမျိုးသာ ရရှိခဲ့ပါက ရက်ဒင်းကို လီဗာပူးတို့ ဂိုးပြတ်သွင်း အနိုင်ယူမှာ သေချာနေသည်။ သို့သော် ပရီမီယာလိဂ်၌ ခြေမမှန်တတ်သော လီဗာပူးမှာ ဘင်နီတက်ဇ်အခင်းအကျင်းကြောင့် နိုင်ပွဲများရရန် ဦးတည်နေပြီဖြစ်ရာ ရက်ဒင်းတို့ သရေပွဲဖြစ်ရန်ပင် ခက်ခက်ခဲခဲ ကြိုးစားရမည့် အနေအထားရှိနေသည်။

## ဝက်စ်ဟမ်းနှင့် အာဆင်နယ်

ခြေယိုင်နေသော အာဆင်နယ်လည်း အဝေးကွင်း၌ ဝက်စ်ဟမ်းကို ရင်ဆိုင်ရန် အကျပ်အတည်းသဖွယ်ဖြစ်နေသည်။ ပြီးခဲ့သည့်နှစ် ရလဒ်အရ ဝက်စ်ဟမ်းကွင်း၌ ဂိုးမရှိသရေပွဲ ရလဒ်အတိုင်း ယခုပွဲလည်း ဖြစ်သွားနိုင်သည်။ အာဆင်နယ်တွင် လူစုံကစားနိုင်ပါက အဝေးကွင်းဖြစ်သော်လည်း ဝက်စ်ဟမ်းကို အနိုင်ကစားနိုင်သည်ဖြစ်ရာ အာဆင်ဝင်းဂါး၏ လူအခင်းအကျင်းကိုသာ ကြည့်ရမည်ဖြစ်သည်။

ဝက်စ်ဟမ်းခြေမှာလည်း အိမ်ကွင်း၊ အဝေးကွင်းအားရဖွယ်မရှိဖြစ်ရာ အာဆင်နယ်တို့ အရေးသာနိုင်သည့် ပွဲပင်ဖြစ်သည်။

## ဗီလာနှင့် ဘလက်ဘန်း

အိမ်ကွင်းရှုံးပွဲမရှိသော အက်စ်တွန်ဗီလာကို ဘလက်ဘန်း၏ လက်ရှိခြေစွမ်းဖြင့် အနိုင်ရရန် မလွယ်ချေ။ အက်စ်တွန်ဗီလာသည် ယခုနှစ်၌ ခြေမှန်နေသော အသင်းဖြစ်ရာ ၁၀ပွဲကစားပြီးချိန်၌ တစ်ပွဲသာရှုံးထားသေးသည်။ ဘလက်ဘန်း၏ နောက်တန်းမှာ အားနည်းချက်ရှိသည်ဖြစ်ရာ ဗီလာတိုက်စစ်မှူးများကို ထိန်းရန် မလွယ်ချေ။ အိမ်ကွင်း၌ ဗီလာတို့အနိုင်ရမည့် ပွဲပင်ဖြစ်သည်။

## ဘော်လ်တန်နှင့်ဝီဂန်

မန်ယူကိုရှုံးခဲ့သဖြင့် ဝီဂန်ကို အနိုင်ကစားကာ သုံးမှတ်အပြည့်ယူပြီး တန်းစီဇယား လက်ရှိနေရာမြဲအောင် ဘော်လ်တန်တို့ ကြိုးစားတော့မည်ဖြစ်သည်။ ဘော်လ်တန် တိုက်စစ်အားနည်းသော်လည်း နောက်တန်း ခံစစ်မှူးများက အမှားအယွင်း နည်းကြသည်ဖြစ်ရာ ဝီဂန် တိုက်စစ်မှူးများကို ကောင်းကောင်း ဟန့်တားနိုင်မည်ဖြစ်သည်။နိုင်ပွဲလိုအပ်နေသော ဘော်လ်တန်တို့ အလေးသာမည့် ပွဲပင်ဖြစ်သည်။

## ချာလ်တန်နှင့် မန်စီးတီး

အဝေးကွင်းနိုင်ပွဲ ဈေးဦးမပေါက်သေးသော မန်စီးတီးတို့ ချာလ်တန်နှင့် ပွဲ၌ ဈေးဦးပေါက်မည် ဖြစ်သည်။ ကစားအားကောင်းသော်လည်း စုစည်းမှုအားနည်းနေသည့် မန်စီးတီးသည် အဝေးကွင်း သရေပွဲများနှင့် ရှုံးပွဲများကို ယခုပွဲ၌ ချေဖျက်မည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ချာလ်တန်ကွင်း၌ နှစ်ဂိုး-ငါးဂိုးဖြင့် မန်စီးတီးတို့အနိုင်ယူထားသည်ဖြစ်ရာ ယခုနှစ်ချာလ်တန်ခြေပျက်နေသဖြင့် မန်စီးတီးတို့ ဂိုးပြတ်သွင်း အနိုင်ယူမည်သာဖြစ်သည်။

## ဖူလ်ဟမ်နှင့်အဲဗာတန်

အကြိတ်အနယ်နွှဲရမည့်ပွဲဖြစ်သည်။ မနှစ်က ဖူလ်ဟမ်ကွင်း၌ အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားထားသည်ဖြစ်ရာ အဲဗာတန်နည်းပြ မိုယက် အကြွေးပြန်ဆပ်ခွင့်ကြုံပြီဖြစ်သည်။ အဲဗာတန်တိုက်စစ်မှူးများ ဂိုးသွင်းစွမ်းရည်ထက်မြက်ကြသည်ဖြစ်ရာ နောက်တန်းအမှားအယွင်းများသော ဖူလ်ဟမ်တို့ ခက်ခက်ခဲခဲရင်ဆိုင်ရမည်ဖြစ်သည်။ အဲဗာတန်တို့အလေးသာဖွယ်ရှိနေသည်။

## နယူးကာဆယ်နှင့်ရှက်ဖီး

ခြေပျက်နေသော နယူးကာဆယ်တို့ လူသစ်တန်းရှက်ဖီးကို အနိုင်ယူရန်ပင် အတော်ကြိုးစားရမည့်အနေအထားရှိနေသည်။ သို့သော် နယူးကာဆယ်နည်းပြ ဂလင်းရိုဒါက တန်ဆင်းဇုန်အတွင်းရောက်မည့်အဖြစ်ကို လက်ခံမည်မဟုတ်၊ ရှက်ဖီးကို အနိုင်ကစားပြီး အဖိုးတန်သုံးမှတ်ကို အရယူရန် အစွမ်းကုန်ကြိုးစားမည်ဖြစ်သည်။

## ဝက်ဖို့ဒ်နှင့်မစ်ဒယ်ဘရော့

နိုင်ပွဲတစ်ပွဲမျှမရသေးသည့် ဝက်ဖို့ဒ်နှင့် အဝေးကွင်းနိုင်ပွဲမရသေးသည့် မစ်ဒယ်ဘရော့တို့တွေ့ကြုံပြီဖြစ်သည်။ မစ်ဒယ်ဘရော့သည် ကစားအားကောင်းသောအသင်းဖြစ်ရာ ဝက်ဖို့ဒ်ကို အနိုင်ယူမည့်ခြေစွမ်းရှိသည်။ ဝက်ဖို့ဒ်တို့လက်ရှိခြေစွမ်းမှာမစ်ဒယ်ဘရော့ကို ယှဉ်နိုင်ဖွယ်မရှိဖြစ်ရာ အဝေးကွင်း၌ မစ်ဒယ်ဘရော့တို့နိုင်ပွဲစတင်မည့် ပွဲပင်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**



**တိုက်စစ်မှူး ရွှန်နေ မန်ယူအတွက် ပို့စ်မောက်သို့ ဂိုးများဆက်တိုက်သွင်းကာ အောင်ပွဲခံနိုင်ပါဦးမည်လော။** (ဓာတ်ပုံ-အင်တာနက်)

# လမ်းဘေးဝဲယာ၌စပါးနှင့်ရော်ဘာများစိုက်ပျိုး ခြံစည်းရိုးကြက်ဆူပင်များကိုအိမ်တိုင်း၊ ရုံးတိုင်း၌ အမျိုးသားရေးတာဝန်အဖြစ်ခံယူစိုက်ပျိုးလုပ်ကိုင်

နေပြည်တော် နိုဝင်ဘာ ၁

**တနင်္သာရီတိုင်းထားဝယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ထားဝယ်မြို့မှ ထားဝယ်–ရေဖြူ–ကလိန်အောင်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းတစ်လျှောက်၌ မိုးတွင်းကာလ ရေတိုက်စားမှုကြောင့် ပျက်စီးနေသော လမ်းပိုင်းများကိုကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ နံနက် ၈နာရီ၄၅မိနစ်တွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ပညာရေး၊ ကျန်းမာရေး ကဏ္ဍမှတာဝန်ရှိသူများအား ဆွေးနွေး မေးမြန်းပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကာ မြို့နယ်စည်ပင် သာယာရေးနှင့်မြို့အင်္ဂါရပ်နှင့်အညီရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ရေး၊ လမ်းမကြီးဘေးဝဲယာ၌အလင်းဖွင့်၍ လမ်းဧရိယာနှင့်လွတ်သော ဘေးဝဲယာ၌ စပါး၊ ရော်ဘာ စသည်တို့ကို စိုက်ပျိုးရေးခြံစည်းရိုး၊ ကြက်ဆူပင်များကိုအိမ်တိုင်း၊ ရုံးတိုင်း၌ အမျိုးသားရေးတာဝန်အဖြစ် ခံယူစိုက်ပျိုးရေးကို အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကလိန်အောင်မြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင်ကန်ပေါက်တိုက်နယ်ဆေးရုံသို့ရောက်ရှိကြသည်။

ယင်းနောက် ကန်ပေါက်တိုက်နယ်ဆေးရုံရှိ လူနာခန်း ၊ ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အဖြစ်များသောရောဂါများအတွက်ကုသဆေးဝါးများကို သက်ဆိုင်ရာများသို့ တင်ပြ၍ လုံလောက်စွာထားရှိရေး၊ လူနာများကို နွေးထွေးကြင်နာစွာ ပြုစု စောင့်ရှောက်ကုပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိန်းဇဲဒေသရှိ နယ်မြေခံတပ်နယ်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်၏ ၂၀၀၆ခုနှစ်ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက် အားပေးရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မောင်ဦးလွင်နှင့် တပ်မတော်အရာရှိများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခြံစည်းရိုး ကြက်ဆူပင်ကို သတ်မှတ်နေရာ၌ အမှတ်တရ စိုက်ပျိုးပေးပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တပ်မတော်အရာရှိများ၊ စစ်သည်များနှင့် မိသားစုဝင်များက ခြံစည်းရိုး ကြက်ဆူပင်များကို သတ်မှတ်နေရာအသီးသီး၌တပျော်တပါး စိုက်ပျိုးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် စစ်သည်နှင့် မိသားစုဝင်များ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေး ပြီး ၂၀၀၆ခုနှစ် ဇန်နဝါရီလက စိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းနှင့် ငရုတ်ကောင်းစိုက်ခင်းတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနယ်မြေခံ တပ်နယ်တွင် ခြံစည်းရိုး ကြက်ဆူပင် ၁၁၅ ဧက စိုက်ပျိုးပြီးဖြစ်ရာ ဧက ၁၀၀၀ ပြည့်အောင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်၍ ယခုအခါ မျိုးစေ့အားလုံးကိုစုဆောင်းရရှိပြီး ဖြစ်သည့်အပြင် ဧက ၂၀၀ အတွက် ပျိုးပင်များ ပျိုးထောင်ထားပြီးဖြစ်သည်။ စိုက်ပျိုးပြီးဖြစ်သော ကြက်ဆူပင်များမှအသီးများကိုတစ်ကြိမ်ဆွတ်ခူးပြီးဖြစ်ကြောင်းသိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် နယ်မြေခံ တပ်နယ်ရုံးဧည့်ခန်းမ၌ တပ်နယ်မှ ဗိုလ်မှူးချုပ် မောင်ဦးလွင်နှင့်တပ်မတော်အရာရှိများအားတွေ့ဆုံ၍ ဟိန်းဇဲဒေသမှ ဖွံ့ဖြိုးရေးအခြေ အနေများကို ဆွေးနွေးမေးမြန်းကာလိုအပ်သည်များမှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည်တပ်နယ်ခန်းမ၌ နယ်မြေခံတပ်နယ်မှ အရာရှိ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဟိန်းဇဲဒေသမှ မော်တော်ယဉ်များဖြင့်ထွက်ခွာ၍ လမ်းတစ်လျှောက်ရှိ ဆီအုန်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ထားဝယ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၀ ရက်နံနက်ပိုင်းတွင် ထားဝယ်မြို့ရှိ ဇေယျဝတီပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ထားဝယ်မြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆရာတော်အားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ထားဝယ်မြို့ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည် ကြည့်ရှုပြီး ထားဝယ်တပ်နယ်ဧည့်ခန်းမ၌ ထားဝယ်တပ်နယ်ရှိတပ်မတော်အရာရှိကြီးများနှင့် တပ်မတော်အရာရှိများအား တပ်မတော်ဆိုင်ရာ ကိစ္စရပ်များကို မှာကြား၍ မွန်းလွဲပိုင်းတွင် ထားဝယ်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင်ပြန်လည်ရောက်ရှိသည်။

**(သတင်းစဉ်)**

## စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အသွင်သစ်ဖြင့် ထုတ်ဝေဖြန့်ချိ




**ရန်ကုန် နိုဝင်ဘာ ၁**

အသွင်သစ်၊ အနှစ်သာရသစ်၊ အကြောင်းအရာသစ်များဖြင့် စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၁)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

**(အပေါ်ပုံ)**

ယင်းဂျာနယ်တွင် ပိစပ်နဲ့ဘီပိုး မျက်စိရှေ့မှာ ရောဂါပျောက်အောင် ကုသကြမယ်၊ ရှုံးသူက ထိုင်ရှိခိုးကြေးလို့ စိန်ခေါ်လိုက်တဲ့ ဆရာသာဂဒိုး၏ 'ထိုင်ရှိခိုးကြေးက မလျှော့ရေးပါဘဲ'၊ ဟိန်းလတ်၏ 'ယောဂကျင့်စဉ်ထိရောက်မှု ရှိမရှိ'၊ ရိုက်ခဲ့ဖူးတဲ့ ဇာတ်ကားတွေထဲမှာ မြန်မာ့မော်ကွန်း ဇာတ်ကားက ထူးခြားပြီး ကွဲထွက်လာမယ်လို့အာမခံရဲတဲ့ ဒါရိုက်တာစင်ရော် မောင်မောင်၊ အရှေ့တောင်အာရှတွင် ဗီယက်နမ်ပြီးလျှင် မြန်မာကစဉ့်သမိုင်း အစောဆုံးလို့ တင်ပြလာတဲ့ မော်ကျွန်းစိုးမြင့်၏ 'စဥ့်ထည်အနုပညာတစ်ခေတ်ဆန်း' ဆောင်းပါး၊ မြောက်ကိုရီးယားသည် ငြိမ်းချမ်းရေးလိုလားသော်လည်း စစ်ဖြစ်ရမှာမကြောက်၊ အီရတ် ဒုက္ခသည်များအရေး အစရှိသည့် ယနေ့မျက်မှောက်နိုင်ငံတကာရေးရာ ဆောင်းပါးများ၊ ပိန်ပိန်၏ 'မြန်မာ့အငြိမ့်ကို စနစ်တကျ ကကြပါစို့' အပါအဝင် ပြည်တွင်း သတင်းဦး၊ နိုင်ငံသကာ သတင်း ထူးများစုံစုံလင်လင် ဖော်ပြပါရှိသည်။

စိမ်းလဲ့ရွှေပြည်က စာမူရှင်များအား ထိုက်ထိုက်တန်တန် စာမူခချီးမြှင့်မည်ဖြစ်ကြောင်းဖိတ်ခေါ်ပြီး စာမူများပေးပို့လိုလျှင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖုန်း–၃၈၂၀၇၀သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကမ္ဘာ့တစ်လွှား အားကစား

## ချန်ပီယံလိဂ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ဘာစီလိုနာနှင့် ချယ်လ်ဆီးတို့သရေကျ၊ လီဗာပူးတို့နိုင်ပွဲရ

**စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ**

လန်ဒန် နိုဝင်ဘာ ၁

**ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲများကို နိုဝင်ဘာ ၁ရက်၌ ဆက်လက်ကစားရာ နာမည်ကြီး ဘာစီလိုနာနှင့် ချယ်လ်ဆီးတို့ နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြီး လီဗာပူး၊ အင်တာမီလန်နှင့် ပီအက်စ်ဗွီတို့ နိုင်ပွဲများရခဲ့ကြသည်။**

### ဘာစီလိုနာနှင့် ချယ်လ်ဆီး

ချန်ပီယံလိဂ်အုပ်စု(က)မှ ဘာစီလိုနာနှင့် ချယ်လ်ဆီးတို့ ဘာစီလိုနာကွင်း၌ ကစားရာ ဘာစီလိုနာတို့က ၄–၃–၃ ပုံစံဖြင့် ကစားပြီး ချယ်လ်ဆီးက ၄–၅–၁ ပုံစံဖြင့် ရင်ဆိုင်ခဲ့သည်။ ဘာစီလိုနာတိုက်စစ်တွင် မက်ဆီ၊ ဂုဒ်ဂျွန်ဆင်နှင့် ရော်နယ်ဒင်ဟိုထားကာ တိုက်စစ်ဆင် ကစားခဲ့သလို ချယ်လ်ဆီးတိုက်စစ်တွင် ဒရော့ဘာတစ်ဦးတည်းသာတင်၍ ကစားခဲ့သည်။



**ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘာစီလိုနာနှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာက ဤသို့ ဒုတိယချေပဂိုးသွင်းယူခဲ့သည်။**
(ဓာတ်ပုံ–အင်တာနက်)

ဘာစီလိုနာတို့ အမှားအယွင်းနည်းစွာ ကစားခဲ့ရာ ပွဲအစသုံးမိနစ်မှာပင် ဒေကိုကတစ်ဂိုး စောစီးစွာသွင်းယူခဲ့ပြီး ပထမပိုင်း တစ်ဂိုး–ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။ ဒုတိယပိုင်းပွဲချိန် ပြန်အစတွင် ချယ်လ်ဆီးမှ ဖရန့်လမ်းပတ်က ပွဲချိန် ၅၂ မိနစ်တွင် တစ်ဂိုးပြန်သွင်းခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်နေရာ ပွဲချိန် ၅၈ မိနစ်တွင် ဘာစီလိုနာတိုက်စစ်မှူး ဂုဒ်ဂျွန်ဆင်က တစ်ဂိုးသွင်းယူလိုက်သဖြင့် ဘာစီလိုနာတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။ ချယ်လ်ဆီး၏ ချေပဂိုးကို ပွဲချိန်မိနစ် ၉၀၌ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာက ချေပဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ ယခုပွဲ သရေဖြစ်ခဲ့သဖြင့် အုပ်စု(က)တွင် ချယ်လ်ဆီးတို့ လေးပွဲကစား ၁၀ မှတ်ရရှိကာ ထိပ်ဆုံးက ဦးဆောင်ကာ အခြေအနေကောင်းလျက်ရှိပြီး ဘာစီလိုနာက လေးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ငါးမှတ်သာရရှိထားသည်။

### စပါးတပ်မော်စကိုနှင့် အင်တာမီလန်

ချန်ပီယံလိဂ်အုပ်စု(ခ)မှစပါးတပ်မော်စကိုအား အင်တာမီလန်တို့အနိုင်ရပြီး အဖိုးတန်သုံးမှတ်ကို ရယူနိုင်ခဲ့သည်။ အင်တာမီလန်တို့ အဝေးကွင်း၌ ကစားရသော်လည်း စပါးတပ်မော်စကိုအား ဖိဖိစီးစီးကစားနိုင်ခဲ့သည်။ အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သော်လည်း တစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။ အင်တာမီလန်အတွက် အနိုင်ဂိုးကို ပွဲချိန်နှစ်မိနစ်မှာပင် တိုက်စစ်မှူး ရီကာဒိုခရုဇ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်သည် ယခုပွဲအနိုင်ရရှိ ခဲ့သဖြင့် ချန်ပီယံလိဂ် အုပ်စု(ခ)တွင် လေးပွဲကစား နှစ်ပွဲနိုင်ဖြင့် ခြောက်မှတ်ရရှိကာ အုပ်စုဒုတိယနေရာ၌ ရှိနေပြီး စပါးတပ်မော်စကိုမှာ လေးပွဲကစား နိုင်ပွဲမရှိ၊ တစ်ပွဲသရေဖြင့် တစ်မှတ်သာ ရရှိနေသည်။

### လီဗာပူးနှင့် ဘော်ဒိုး

လီဗာပူးတို့က ပြင်သစ် ကလပ် ဘော်ဒိုးကို အိမ်ကွင်း ကောင်းကောင်း ဧည့်ခံလိုက်ပြီဖြစ်သည်။ ရှုံးပွဲများနေသော လီဗာပူးတို့ ဖိအားပေးမှုခံနေရရာ ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်များ၌ ခြေစွမ်းပြကာ နိုင်ပွဲများရယူနိုင်ခဲ့ပြီ ဖြစ်သည်။ လီဗာပူးသည် ၄–၄–၂ ပုံစံဖြင့် ခင်းကျင်းကာ ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ထိုးဖောက်ကစားနိုင်ခဲ့သဖြင့် ဂိုးသွင်းခွင့် အခွင့်အရေးများစွာ ရရှိခဲ့သည်။

လီဗာပူးအတွက် ဂိုးများကို ပွဲချိန် ၂၃ မိနစ်၌ ဂါစီယာ၊ ၇၁ မိနစ်၌ စတီဗင်ဂျရတ်နှင့် ၇၆ မိနစ်၌ ဂါစီယာတို့က သွင်းယူပေးခဲ့သဖြင့် သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လီဗာပူးတို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ချန်ပီယံလိဂ် အုပ်စု(ဂ)တွင် လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၁၀ မှတ်ရရှိကာ ထိပ်ဆုံးမှ ဦးဆောင်နေသည်။ ဘော်ဒိုးမှာ လေးပွဲကစား နိုင်ပွဲမရရှိဘဲ တစ်ပွဲသာသရေပွဲဖြစ်ပြီး တစ်မှတ်သာရရှိနေရာ နောက်တစ်ဆင့်တက်ရန် အခြေအနေမပေးတော့ချေ။ ။

**ထိုးဖောက်ကစား**



**ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် လီဗာပူးနှင့် ဘော်ဒိုးတို့ပွဲတွင် လီဗာပူးမှ စတီဗင်ဂျရတ်** (ဝဲ) **ထိုးဖောက် ကစားဟန်။**
(ဓာတ်ပုံ–အင်တာနက်)

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| ဆိုဖီယာ | ၀ – ၃ | ဝါဒါဘရီမင် |
| ပီအက်စ်ဗွီ | ၂ – ၀ | ဂါလာတာစာရေး |
| ရိုးမား | ၁ – ၁ | အိုလံပီယာကော့စ် |
| ဘိုင်ယန်မြူးနစ် | ၀ – ၀ | စပို့တင်းလစ္စဘွန်း |
| ရှက်တာဒိုးနက် | ၂ – ၂ | ဗလင်စီယာ။ |

**(အင်တာနက်)**

# ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ဓမ္မစကြာရွတ်ဖတ်ပူဇော်ပြိုင်၊ ဆုပေးအပ်ချီးမြှင့်

လားရှိုး အောက်တိုဘာ ၁၀

**ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ဓမ္မစကြာရွတ်ဖတ်ပူဇော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃ရက် မွန်းလွဲ ၂နာရီက လားရှိုးမြို့ သာသနာ့ဗိမာန်၌ ကျင်းပသည်။**

**ဖွင့်လှစ်**

အခမ်းအနားတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ခရိုင်ငါးခရိုင်မှ ဝတ်အဖွဲ့များ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကိုနမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ မဟာဓမ္မဇောတိကဓဇ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်တို့က မေတ္တာသုတ်ပရိတ်တရား ရွတ်ပွား ချီးမြှင့်သည်။

ဆက်လက်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချယ်ရီက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်းပြီး **(အပေါ်ယာပုံ)** ဓမ္မစကြာရွတ်ဖတ်ပူဇော်ပြိုင်ပွဲ ပထမဆုရ လားရှိုးခရိုင် ကုန်စည်ပို့ဆောင်ရေးအသင်း၊ ဒုတိယဆုရလားရှိုးခရိုင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်း၊ တတိယဆုရ ကွမ်းလုံ ခရိုင်အသင်းတို့အား ဆုများချီးမြှင့်ကြသည်။

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်က အထူးဆုရ မူဆယ်ခရိုင်နှင့် ကျောက်မဲခရိုင် အသင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

**(အမျိုးသမီးရေးရာ)**





# ညောင်တုန်းမြို့ ပညာရေးမိသားစု စုပေါင်းမဟာဘုံကထိန်ပွဲ ကျင်းပ

**ညောင်တုန်း အောက်တိုဘာ ၃၀**

ညောင်တုန်းမြို့နယ် ပညာရေးမိသားစု၏ တတိယအကြိမ်မြောက် စုပေါင်း မဟာဘုံကထိန် မြို့တွင်း လှည့်လည်ပူဇော်ပွဲနှင့် ညောင်တုန်းမြို့ ပုလောစာသင်တိုက်သို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၁ ရက်က ကျင်းပရာ ဧရာဝတီတိုင်း ပညာရေးမှူး ဦးတင်မြင့်၊ တိုင်းလက်ထောက်ပညာရေးမှူး (စစ်ဆေး) ဦးစိုးဝင်းသန်း၊ ညောင်တုန်းမြို့နယ် ပညာရေးမှူး ဦးဝင်းထိန်တို့ ဦးဆောင်သော ပညာရေးဌာနမှ တာဝန်ရှိသူများ၊ နယ်မြေအသီးသီးရှိ အထက၊ အလက၊ အမကကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက စုပေါင်း၍ ပဒေသာပင်၂၂ပင် တို့ကို လှည့်လည်ပူဇော်ကြသည်။ **(ဝဲပုံ)**

အောက်တိုဘာ၂၂ရက်က ပုလောစာသင်တိုက်တွင် မဟာဘုံကထိန် အလှူတော်မင်္ဂလာကို ဆက်လက်ကျင်းပရာ ညောင်တုန်းမြို့ ပုလောစာသင်တိုက် ပဓာနနာယကဆရာတော် ဒွိပိဋကဓရ ဘဒ္ဒန္တဝံသပါလထံ ငါးပါးသီလခံယူဆောက်တည်ကြပြီး တိုင်းပညာရေးမှူး ဦးတင်မြင့်၊ တိုင်းလက်ထောက် ပညာရေးမှူး(စစ်ဆေး) ဦးစိုးဝင်းသန်း၊ ညောင်တုန်းမြို့နယ် ပညာရေးမှူး ဦးဝင်းထိန်နှင့် လက်ထောက်ပညာရေးမှူးများ၊ ဆရာဆရာမများ၊ ပုလောမြို့နယ် အသင်းဥက္ကဋ္ဌ ဦးလှမောင်နှင့်အဖွဲ့ဝင်များက ကထိန် သင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ပဒေသာပင်များကို ဆက်ကပ် လှူဒါန်းကြသည်။ **(၀၉၈)**

**ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သော ဘူတာလမ်းအဝင် တံတားဆောက်လုပ်ခြင်း လုပ်ငန်းကို အောက်တိုဘာ ၁၅ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း၁၄ရက်**
**၃-၁၁-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (သစ်တောရယ်၊ ကျွန်းရယ်၊ အနာဂတ်ရယ်)
၁၁:၃၅ သုတကမ္ဘာအစီအစဉ်
၁၂:၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ခွေးတောက်နွယ်ပင်)
၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (နားလည်ပြီမို့ခွင့်လွှတ်ပါ)

**ညနေပိုင်း**

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) မျှော်ရတာလည်း ကျွန်တော်၊ လွမ်းရတာလည်း ကျွန်တော် (သန်းမြတ်စိုး)
(၂) နှင်းပွင့်လေးတွေလား၊ ပန်းပွင့်လေးတွေလား (မြတ်မြတ်သန်း)
(၃) ချူရေးခက်တဲ့ငွေသဇင် (မောင်သိန်းဝင်း)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) လမြတ်တန်ဆောင် (ခေါင်းကြီး)
(၂) မေ့လို့မရတဲ့ တန်ဆောင်တိုင်ည (ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဓာတ်လမ်း (ပျော်သည်ဖြစ်ဖြစ်၊ မပျော်သည်ဖြစ်ဖြစ်)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (စကြ္ခပသာဒ ချွတ်ယွင်းခြင်း) (မောင်ဆုရှင်)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ဝေးနေရတော့ ပျော်ဘူးကွယ် (ကိုတင်ကိုး)
(၂) သျှောင်နောက်ဆံထုံးပါ (စိုးစန္ဒာထွန်း)
(၃) မေတ္တာစစ်အသီးအပွင့်များ (လက်ပံတန်း-သန်းတင်)

**မုဒုံမြို့ ဘလောက်ညောင်ဝိုင်း-ဝဲဂလိ ကျေးရွာချင်းဆက်လမ်း ဂဝံခင်းရန် ကျောက်များ စုဆောင်းမှုကို အောက်တိုဘာ ၁၈ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# အင်္ဂပူ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သက်ကြီးရွယ်အိုများ အဝတ်အထည်လှူဒါန်း

အင်္ဂပူ အောက်တိုဘာ ၁၂

**ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ၁ရက် နံနက် ၇နာရီက အင်္ဂပူမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဦးတင်ဦးဘိုးဘွားရိပ်သာ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန်းသန်းခိုင်က သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အသင်းဝင်များစုပေါင်းလှူဒါန်းသော အဝတ်အထည်၊ ဆပ်ပြာ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေကျပ် ၅၀၀၀၀ကို တာဝန်ရှိသူများက သက်ကြီးရွယ်အို အဘိုးအဘွား ၃၂ဦးတို့အား လှူဒါန်းပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ အင်္ဂပူမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်စိုးနှင့်ဝန်ထမ်းများက သက်ကြီးရွယ်အို အဘိုးအဘွား ၃၂ ဦးတို့အား ဆေးဝါးစမ်းသပ်ကုသပေးခြင်း၊ မြို့နယ်အသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လက်သည်း၊ ခြေသည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်၊ ရေချိုးပေးခြင်း၊ အိပ်ရာခင်း၊ စောင်၊ ခြင်ထောင်များ လျှော်ဖွတ်ပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ပြုလုပ်ပေးခြင်းများ စုပေါင်းဆောင်ရွက်ပေးကြသည်။ **(၁၃၁)**

**ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးသူဈေးသားများ စုပေါင်း၍ ဈေးမီးသတ်စက်ဖြင့် မြို့မဈေးမီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးအတွက် ဓာတ်တိုက်လေ့ကျင့်နေမှုကို စက်တင်ဘာ ၁၆ရက်က စစ်ကိုင်းတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးတင်မင်းနှင့် အမှုဆောင်အရာရှိ ဦးမြင့်အောင်တို့ ကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)



# မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြသ

**မိတ္ထီလာ အောက်တိုဘာ ၂၅**

မန္တလေးတိုင်း မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး ဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက်နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဒီရွယ်ဂျီးက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုးသန်းက အသင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က အသင်းအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေးက မျိုးချစ်စိတ်ဓာတ်နှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးပြီး စာအုပ်၊ စာစောင် ၄၀ကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

**ပြသ**

အခမ်းအနားအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက နယ်လှည့်စာကြည့်တိုက်၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲတို့ကို ခင်းကျင်းပြသကြသည်။

ထို့အတူ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးဟောပြောပြီး နယ်လှည့်စာကြည့်တိုက်၊စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို အောက်တိုဘာ ၁၈ရက်က အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် သုမန ၄ လမ်း အမှတ် ၇၀၂ နေ ဦးကျော်လွင်ဦး-ဒေါ်ခင်မူ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင်မူလသဲအင်းဂူ ဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ(မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့သမထဝိပဿနာတရားတော်များကို နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက် အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့က အခမဲ့ အာဟာရဒါနကျွေးမွေးလှူဒါန်းမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ နိုဝင်ဘာ ၄ရက်အရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**



အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန်အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင်ကျောင်းတော်ကြီးအတွက် အမှတ် ၁၆(ဘီ) ၁ လမ်း အမှတ်(၁၆) ရပ်ကွက် မော်လမြိုင်ကျွန်းမြို့နယ်နေ ဖခင်ကြီး ဦးချစ်လှိုင်အားရည်စူး၍ မိခင်ကြီး ဒေါ်အုန်းကြည်နှင့် သား၊ သမီး၊ မြေးတစ်စုတို့က အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး) ရှေ့မှောက်တွင် အကျိုးတော်ဆောင် မောင်ခိုင်စိုးဝင်း(ညောင်ဦး)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## စာကြည့်တိုက်ပညာသင်တန်း တောင်ကြီး၌ဖွင့်

**တောင်ကြီး အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာသင်တန်း ၁/၂၀၀၆ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ရက် နံနက် ၉နာရီက တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမတွင် ကျင်းပရာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ရှမ်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က အမှာစကားပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

### ပေးအပ်

အခမ်းအနားတွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က စာကြည့်တိုက်ပုံးပေးအပ်ရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက လက်ခံရယူသည်။

### ပို့ချ

ဆက်လက်၍ စာကြည့်တိုက်ပညာအကြောင်း သိကောင်းစရာများ၊ ရပ်ရွာပညာပဒေသာဌာန သိမှတ်ဖွယ်ရာများကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်မေမေနီ၊ဒေါ်နန်းဦးခမ်း၊ ဒေါ်နန်းဆိုင်စိန်နှင့် ပြည်နယ်ပညာရေးမှူး ဦးအောင်ဆွေတို့က စာတွေ့လက်တွေ့ဟောပြောသင်ကြား ပို့ချပေးကြသည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင် သင်တန်းသူ ၅၀တက်ရောက်ကြသည်။

**(ပြည်နယ်အမျိုးသမီးရေးရာ)**

## မြို့နယ်သတင်းများ



စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်က ဝါတွင်းသုံးလ ရွှေဘိုတရားပွဲပေါင်း အကြိမ် (၅၀)ပြည့် အမှတ်တရအဖြစ် တရားအလှူတော်ပေးလှူပြီး ဝတ္ထုငွေကျပ် လေးသိန်းတန်ဖိုးရှိ လှူဖွယ်ဝတ္ထုများကို ရွှေတန်ဆာဘုရား ဂေါပကအဖွဲ့ဝင် ဦးစိန်အောင်အား ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## အမရဝတီကျောင်းတိုက် မဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်း စံပြကျေးရွာ အမရဝတီကျောင်းတိုက်ကြီးတွင် ပဓာနနာယကဆရာတော် ဦးသဇ္ဈန (ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ မဟာဂန္ထဝါစကပဏ္ဍိတ သာသနဇောသီရိပဝရဓမ္မာစရိယ ပါဠိပါရဂူ)၊ ဦးရေဝတ (ဓမ္မာစရိယ၊ ပြည်တွင်း၊ ပြည်ပသာသနာပြု)နှင့် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်၊ သာသနဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိဓဇ)တို့အား အမှူးထား၍ တတိယအကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ပွဲတွင် ဝါဆို၊ ဝါကပ်တော်မူကြသော သံဃာတော်များနှင့် ပင့်သံဃာတော်တို့အား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့အား ဆက်ကပ်လှူဒါန်းခြင်းအလှူတော်ကို နိုဝင်ဘာ၄ရက်(စနေနေ့) မွန်းလွဲ၁နာရီတွင် အမရဝတီကျောင်းတိုက်ကြီးတွင် ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်ပြီး အရှင်ပညာနန္ဒ (သီတဂူ ကြယ်တစ်ပွင့်)က ရေစက်ချ ကထိန်အနုမောဒနာ တရားတော်များ ဟောကြား ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**



စမ်းချောင်းမြို့နယ် တရုတ်ကျောင်းလမ်း အမှတ်(၅၈)နေ ဒေါ်ခင်ခင်စိန်နှင့် မိသားစုက ခင်ပွန်း ဦးမင်းလွင် တစ်နှစ်ပြည့်၊ အဖေကြီး ဗိုလ်မှူးသောင်းရွှေ (၁၅)နှစ်ပြည့်နှင့် ဖေဖေ ဦးကိုလေး (၃၄)နှစ်ပြည့်တို့အား ရည်စူး၍ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းကိုယ်စား အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးက လက်ခံယူစဉ်။ (က-ပ)



## ကြောင်ပန်းဆရာတော် တရားပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

ဘုတလင်မြို့ ကြောင်ပန်းတောရ ကြောင်ပန်းသာသနာသမိုင်းဝင်ကျမ်းပြုသတ္တမဆရာတော် ဦးနန္ဒိယသည် ရန်ကင်းမြို့နယ် အမှတ် (၅)ရပ်ကွက် ဓမ္မိကဓမ္မာရုံကြီး၌ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက် (နိုဝင်ဘာ ၅ ရက်) တနင်္ဂနွေနေ့ညနေ၆နာရီခွဲတွင် ပထမကြောင်ပန်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**


သက်တမ်းရှည်ကြာ သက်ရှိရတနာ ပင်လယ်လိပ်မျိုးထိန်းသိမ်းပါ





ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးနှစ် (၂၀၀၆) ခုနှစ်

Year of the Turtle 2006

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန


## အမျိုးသားညီလာခံဂုဏ်ပြု (၁၀၅)ကြိမ်မြောက်သွေးလှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၁**

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၃) သုဓမ္မမဏိဇောတရေ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့် လူမှုထူးချွန် (ပထမဆင့်)ဆုရှင် **(အပေါ်ပုံ)**သည် အမှတ်(၂) တပ်မတော်ဆေးရုံတွင် အောက်တိုဘာ ၃၀ ရက်က (၁၀၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်မှုဖြင့် အမက(၆) ပညာပျိုးခင်း စာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကိုအောက်တိုဘာ ၂၀ရက်က ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ကျောင်းအုပ်ဆရာကြီး ဦးတင်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)



## အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းကြားစာ

**(အမွေဆက်ခံခြင်း အက်ဉပဒေပုဒ်မ ၃၇၃)**

**ရန်ကုန်တိုင်းတရားရုံး**

**တွဲဖက်တိုင်းတရားသူကြီး (၁၄) ရုံး၌**

**၂၀၀၆ ခုနှစ် တရားမအထွေထွေမှုအမှတ် ၃၀၃**

**(ကွယ်လွန်သူ ဦးဝင်းနိုင်ကျန်ရစ်သောပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု)**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက် ရတနာလမ်း အမှတ်(၂၀) နေ ဒေါ်မြမြဝေက ကွယ်လွန်သူ၏ဇနီးဖြစ်သည်ဟူ၍ စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက် ရတနာလမ်း အမှတ်(၂၀)တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဝင်းနိုင်၏ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဉပဒေအရ အမွေဆက်ခံခွင့်လက်မှတ်ရလိုကြောင်း ဤတရားရုံး၌ လျှောက်ထားလာသည်ဖြစ်၍ ကွယ်လွန်သူဦးဝင်းနိုင် ကျန်ရှိရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ မည်သူမဆို ဤတရားရုံးသို့ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၇ရက် (၁၃၆၈ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၃ ရက်)နေ့ ၁၀း၀၀ နာရီတွင် လာရောက်၍ အမှုဆိုင်နိုင်ကြောင်း ကြော်ငြာလိုက်သည်။ ယင်းနေ့ရက်တွင် လျှောက်ထားသူဒေါ်မြမြဝေ၏လျှောက်လွှာကိုကြားနာ၍ အမွေဆက်ခံခွင့်လက်မှတ်ရသင့်၊ မရသင့် စစ်ဆေးကြားနာဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**စန္ဒာသွယ်**
**တွဲဖက်တိုင်းတရားသူကြီး(၁၄)**
**ရန်ကုန်တိုင်းတရားရုံး။**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၄)ရပ်ကွက် ရွှေဇလပ်လမ်းနှင့် ဘုရင့်နောင်လမ်းထောင့် အမှတ် F/S-၁၇ နေ ဒေါ်ခင်လေး ၁၂/အလန(နိုင်)၀၂၀၉၉၈သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၉၅၁၄/၂၀၀၅ အရ မိမိတစ်ဦးတည်း မူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။



မှတ်တမ်းတင်သွင်းသူ ဒေါ်ခင်လေးသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ အစားအသောက် ထုတ်လုပ်ခြင်းထောက်ခံချက်ဖြင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား "Gold Power"ကို အသုံးပြု၍ ကလေးဖြည့်စွက် အာဟာရမှုန့် (Rice With Milk)များကို သံဘူး၊ စက္ကူဘူးတို့ဖြင့် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁) ကနောင်မင်းသားကြီးလမ်း အမှတ်-၄၆(ခ)ရှိ စက်ရုံမှ ထုတ်လုပ်ပြီး မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးအီနုစ်(တရားရုံးချုပ်ရှေ့နေ)**
**YENOOS & ASSOCIATES(Law Firm)**
**အမှတ်-၃၀(ပထမထပ်)၊ ၄၄လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၉၆၁၃၂၊ ၂၉၈၅၄၁။**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**မန္တလေးတိုင်းတရားရုံး**

**၂၀၀၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၉၀(အမ်)**

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ | နှင့် | ၁။ ဦးမောင်မောင် ၂။ ဒေါ်လှမွေး |
| **တရားနိုင်** | | **တရားရှုံး** |

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၁၉၆ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် နတ်တော်လပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက် အကွက်အမှတ် (၁၄/ခ ပေါက်ချောင်း) ဦးပိုင်အမှတ် (၁၉/ဃ မြေကွက်အမှတ်(၇၀/၂၁၃)မြေချိန်ဧရိယာ ၀ ဒသမ ၀၈၈ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၇x၂၇ )ပေရှိလူနေ နှစ်ထပ်တိုက်။

**လေလံကြမ်းခင်းဈေး ကျပ် (၇၅)သိန်း။**

**ရောင်းချရန်စည်းကမ်းချက်များ**

၁။ ပစ္စည်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်ပါသည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်စုံတစ်ရာအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**သက်စိုးအောင်**
**တွဲဖက်တိုင်းတရားသူကြီး(၇)၊**
**မန္တလေးတိုင်းတရားရုံး။**

## ရောင်းမည်/ကားဖြင့်လဲမည်

မြောက်ဥက္ကလာပအဝိုင်းအနီး နှစ်ထပ် လူနေဆိုင်ခန်း (ပေ ၂၀ X ပေ ၃၀)၊ ထောင့်ခန်း၊ ဆပ်မီတာ၊ ကားပါကင်လုပ်ထား၊ သိန်း(၁၁၀)။

**ဦးအောင်နိုင်သူ ၇/ပခတ(နိုင်)၀၀၄၈၀၁**
**၉/၁၁(က) ဗောဓိရိပ်သာလမ်း**
**ရွှေတောင်ကြား(၂)ရပ်ကွက် ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉ ၈၀-၂၄၀၄၆။**

## အများသိစေရန်ကြေညာချက်

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် စက္ကောတောင် ကွင်းအမှတ်(၁၄၁)ဦးပိုင်အမှတ်(၂-က)၅-၄၊ ဧရိယာ(၁၈)ဧကရှိလယ်ယာမြေမှာ ကျွန်တော်ပိုင်ဆိုင်သော လယ်ယာမြေဖြစ်ပါသည်။ ၎င်းလယ်ယာမြေကို မိဘဘိုးဘွားလက်ထက်ကတည်းက ယနေ့ထိ မြေခွန်ကြီးကြပ်ခထမ်းဆောင်၍ လယ်ယာမြေကို အစဉ်တစိုက်လုပ်ကိုင်၍ နိုင်ငံတော်အား လယ်ယာလုပ်ငန်းဖြင့် အကျိုးပြုခဲ့ပါသည်။ ယခုအခါ ထိုလယ်ယာမြေအား ကျူးကျော်၍ လုပ်ကိုင်နေပါ၍ ကျွန်တော်တို့ပိုင်ဆိုင်သော လယ်ယာမြေမှသတင်းစာပါ(၇)ရက်အတွင်း ဖယ်ရှားပေးပါရန် အများသိစေရန် အကြောင်းကြားအပ်ပါသည်။ ဖယ်ရှားခြင်းမပြုပါက တည်ဆဲဥပဒေအရ အရေးယူပါမည့်အကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လယ်ယာမြေပိုင်ရှင်** | **လယ်ယာမြေပိုင်ရှင်** |
| **ဒေါ်ထွေးသိန်း** | **ဦးမြသိန်း** |
| **မှတ်ပုံတင်အမှတ်** | **မှတ်ပုံတင်အမှတ်** |
| **၁၄/ညတန(နိုင်)၀၈၃၃၃၉။** | **၁၄/ညတန(နိုင်)၀၈၃၂၂၀။** |


## လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ ဆက်သွယ်ရန်

သားရေစစ်စစ်ဖြင့်ပြုလုပ်ထားသော သားရေထည်ပစ္စည်းများနှင့်ပတ်သက်၍ သိလိုပါလျှင် အောက်ပါလိပ်စာသို့ လာရောက်တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**တစ်ခါဆွေးနွေးတိုင်း ၁၅မိနစ်လျှင်**

**ဉာဏ်ပူဇော်ခ ကျပ်တစ်သောင်း(၁၀၀၀၀/-)တိတိ ပေးရပါမည်။**

**အချိန်** ။ ။ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

**မှတ်ချက်** ။ ။ နယ်မှဖုန်းဖြင့် ဆွေးနွေးလိုပါက ငွေသွင်းပြီးမှဆက်သွယ်ပါ။

# မောင်အိုက်စံ

**မြန်မာပြည်မှာ ဆန်းရှိုင်း သားရေစစ်စစ်ပစ္စည်းအမျိုးမျိုးအရောင်းဆိုင်**

**၈၁ လမ်း၊ ၁၉ လမ်းထောင့် မန္တလေးမြို့။**

**ဖုန်း- ၀၂ -၇၁၀၀၆၊ ၀၉-၆၉၇၁၃၄၃၊ ၀၉-၂၀၀၀၇၇၆၊ ၀၉-၅၀၀၉၆၇၀။**


**၁၉၇၄-၁၉၇၉ ခုနှစ် ဥပဒေဘွဲ့ရကျောင်းသားဟောင်းများ**

## အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

၁၉၇၄-၁၉၇၉ခုနှစ် ဥပဒေဘွဲ့ရကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** ။ ။ **၁၁-၁၁-၂၀၀၆(စနေနေ့)**
**ကျင်းပမည့်အချိန်** ။ ။ **ညနေ ၅နာရီ မှ ၈နာရီအထိ**
**ကျင်းပမည့်နေရာ** ။ ။ **Excel Treasure Hotel (၁၀)လွှာ၊**
**ကမ္ဘာအေးဘုရားလမ်းမကြီးနှင့်**
**ဓမ္မစေတီလမ်းထောင့်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ယ/၇၀၁၈၉၊ ၁ယ/၅၇၆ဖြွန်ဒါ C90 Custom Cmp ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကိုကိုနိုင် မှတ်ပုံတင်အမှတ် ၉/အမဇ (နိုင်) ၀၁၁၇၈၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး ၊(မန္တလေး မြောက်ပိုင်း)၊ မန္တလေးမြို့။**







## သတိပေးတားမြစ်ကြေညာချက်

ဒေါ်သီဂီဝင်း ၁၂/ကမတ(နိုင်) ၀၃၁၅၇၀ ၏ ညွှန်ကြားချက်အရ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် မကျဉ်းတောင်/အရှေ့၊ ဈေးကြီးလမ်းရှိ အမှတ်(၉၉/၁၀၁)မြေကွက်၏ ပိုင်ရှင်သည် ဒေါ်တင်နွဲ့ (စီအီး-၀၅၇၅၄၅) ဖြစ်ပြီး ၎င်းမြေကွက်နှင့်ပတ်သက်၍ ကိစ္စအဝဝဆောင်ရွက်ရန် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၁၀၀၉/၉၄ ဖြင့် ဒေါ်သီဂီဝင်းကို လွှဲအပ်ထားပြီးဖြစ်ရာ အထက်ပါမြေကွက်ကို ဒေါ်တင်နွဲ့၊ ဒေါ်သီဂီဝင်းတို့မသိရှိဘဲ၊ သဘောမတူဘဲ မည်သူမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ကျူးကျော်နေထိုင်ခြင်းမပြုရန် တားမြစ်သည်။ မလိုက်နာသူများအား တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဒေါ်နီနီထွန်း(LL.B)**
**အထက်တန်းရှေ့နေ**
**အမှတ်(၁၆) သီရိမြိုင်(၇)လမ်း**
**၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့။**

**တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် အနံ့သက်ဆိုးများ မရှိစေရေးအတွက် စက်တင်ဘာ ၂၅ ရက်က ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများကို ဒုတိယဦးစီးမှူး ဦးစိုးတင့်နှင့် ဝန်ထမ်းများစုပေါင်း ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



**ရန်ကုန် နိုဝင်ဘာ ၁**

ညောင်ဦးမြို့နယ် စဥ့်ကူမြို့နယ်လုံးဆိုင်ရာ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၂) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၆ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် စဉ့်ကူမြို့ရှိ ချောက်-ညောင်ဦး ကားလမ်း၌ ကျင်းပရာ နိုင်ငံတော်ဝိနည်းဓိုဏ် ဆရာတော် ချောက်မြို့ အနောက်ငွေတောင်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒကသာမိ၊ မန္တလေးတိုင်း သံဃာ့

## စဉ့်ကူမြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူ

ဝန်ဆောင် ငါးဆူတိုက်ကျောင်း ပဓာန နာယကဆရာတော် သီရိပရဝဓမ္မာစရိယ ဝိနိယပါဠိပါရဂူဘဒ္ဒန္တမဏ္ဍလ၊ စဥ့်ကူမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ရွှေကျောင်းကြီး ဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေး အကျိုးတော်ဆောင် မဟာဝိသုကာရုံ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉတ္တမတို့ ကြွရောက်တော်မူကြပြီး စဥ့်ကူမြို့နယ် ရပ်ကွက်(၁၂)ရပ်ကွက်နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများ၌ သီတင်းသုံးတော်မူနေကြသည့် ဝါဆိုသံဃာတော်များ၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်လင်းနှင့် အဖွဲ့ဝင်များ၊ ချောက်၊ ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ စဥ့်ကူ၊ မကွေး၊ လမ်းရွာ၊ ပုဂံ၊ ဝါဇီနှင့် ညောင်ဦးမြို့များမှ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အလှူရှင်များက ဝါဆိုသံဃာတော်၃၂၇ပါး၊ သီလရှင်၁၄ပါးတို့ အား ထာဝရဆွမ်းပဒေသာပင် ငွေကျပ်ငါးသိန်းကျော် အပါအဝင် ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ ဆွမ်းဆန်တော်တစ်အိတ်စီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။

**ရေစက်ချ**

ယင်းနောက် ဈေးတန်းရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်၌ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒကသာမိထံမှ ပရိသတ်တို့က အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို နာယူကြသည်။ **(သတင်းစဉ်)**



## ချောက်မြို့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ဘုံကထိန်ပွဲကျင်းပ

**ချောက် အောက်တိုဘာ ၃၁**

ချောက်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စတုတ္ထအကြိမ်မိသားစု ဘုံကထိန်ပွဲကို အောက်တိုဘာ ၃၀ ရက်က အမှတ်(၅) နယ်မြေ ရွှေသူဌေးကုန်းရပ်ကွက် အောင်တော်မူကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော်များအား အရုဏ်ဆွမ်းကပ်ပြီး လှူဖွယ် ပစ္စည်းအစုစုတို့ကို လှူဒါန်းကြသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်းအင်အား ၁၀၀ ကျော်တက်ရောက်ကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

**နတ်တလင်းမြို့ မြို့မဈေးကြီးအတွင်း အသား၊ ငါး ရောင်းချနေသော ဆိုင်များနှင့် စားသောက်ဆိုင်များ ယင်လုံဆန်ခါဖြင့် စနစ်တကျရောင်းချနေမှုကို အောက်တိုဘာ ၂၇ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုးနှင့် ဒုတိယဦးစီးမှူး(အခွန်)ဒေါ်လှဲ့လှဲ့မွန်တို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ် တပ်ရင်းတပ်ဖွဲ့မိသားစုများ ဒွါဒသမအကြိမ် စုပေါင်းမဟာဘုံကထိန် အလှူမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁

**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်တပ်ရင်းတပ်ဖွဲ့များ၏ ဒွါဒသမအကြိမ် စုပေါင်းမဟာဘုံကထိန် အလှူမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက နန်းမြို့ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက် ကြည်ညို သည်။**

## တက်ရောက်

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သာသနာဘိဝံသနှင့် နိုင်ငံတော်ဩဝါဒါစရိယ မိုးထိတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏ အမှူးပြုသော သံဃာတော် ၂၄ပါး ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်နယ်တပ်ရင်းနှင့်တပ်ခွဲများမှ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်များ သည် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ မိုးထိတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဉာဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ

စာမျက်နှာ ၃ ကော်လံ ၃ ❒

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကုန်းကြမ်းမြို့ တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ စစ်သည် မိသားစုဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖ များအား အမှာစကား ပြော ကြားစဉ်။ (သတင်းစဉ်)





## မိုးလေဝသအခြေအနေ

(၂-၁၁-၂၀၀၆)

### နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်း မည်။

### ရန်ကုန်မြို့

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်း ငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

### မန္တလေးမြို့

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# အာဏာပိုင်အဖွဲ့အစည်းများ၏ကြီးကြပ်မှုဖြင့် ပြည်သူများ ပူးပေါင်းပါဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်ဖြစ်ထွန်းလျက်ရှိ ပြည်ထောင်စုကြီး၏ နယ်မြေဒေသများ ထာဝရတည်ငြိမ်အေးချမ်းရေး တိုင်းရင်းသားပြည်သူများ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၁

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် ညံ့ခွမ်းကျေးရွာမှ ကုန်းကြမ်းမြို့သို့ ထွက်ခွာလာရာ လမ်းတစ်လျှောက် လမ်းဘေးဝဲယာ တွင် အောင်မြင်ဖြစ်ထွန်းနေသော ကုန်းမြင့်ယာမြေများကို လည်းကောင်း၊ ညံ့ခွမ်း-တာရွှေထန်-ကုန်းကြမ်း လမ်းတစ်လျှောက် တံတားများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**



## တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကုန်းကြမ်းမြို့ နယ်မြေခံတပ်နယ်သို့ ရောက်ရှိကြပြီး တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိစစ်သည်မိသားစုဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင်ရှေးဦးစွာကုန်းကြမ်း မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာညွန့်နှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ ●

## ချစ်ကြည်ရေးလူငယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နိုဝင်ဘာ ၁ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား (၃၃)ကြိမ် မြောက် အရှေ့တောင်အာရှလူငယ်များ သင်္ဘောခရီးစဉ်မှ အဖွဲ့ ခေါင်းဆောင် Mr. Tashiro Hiroaki ဦးဆောင်သည့် ချစ်ကြည်ရေးလူငယ်အဖွဲ့ လာရောက်တွေ့ဆုံကြစဉ်။**

(သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံ တော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး